မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပက်ခ်စာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရက်နာစီရိ ဝိကရမာနာရာကေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီးအညွှန်း

☐ အခြေခံပညာ ကဏ္ဍအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျေးရွာခြောက်သောင်းကျော်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်၍ ကျေးရွာသုံးရွာလျှင် စာသင်ကျောင်း နှစ်ကျောင်းနှုန်းရှိနေပြီး ဆရာ ဆရာမ ၂၅၀၀၀၀ ကျော်ကို ခန့်ထားပေးပြီးဖြစ်။

ခေါင်းကြီး (စာ-၂)

ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာရေး စီမံဆောင်ရွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက် အမှာစကားပြောကြားသည်။

စီမံဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူးက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြစေရေး စီမံဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းကြိုပို့ယာဉ်များ အဆင်ပြေစွာ ပြေးဆွဲနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှုစနစ် အစဉ်ကောင်းမွန်စေရေး၊ ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်း စေရေး၊ ပြည်သူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု တိုးတက်လာစေရေး၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးတို့အတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များအား စီအင်န်ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

4-2 (01).p65 1 3/31/1905, 11:29 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ပညာရေးကဏ္ဍက စွမ်းဆောင်ကြိုးပမ်း

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက ပြည်သူအများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်သည်။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာပြီး ဒီမိုကရေစီအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် ထာဝစဉ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ပြည်သူအများ အသိပညာ ဗဟုသုတနှင့် ပြည့်စုံကြွယ်ဝရန် လိုပေသည်။

အလိမ္မာစာမှာရှိ ဆိုစကားနှင့်အညီ အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ရန်အတွက် ပြည်သူအများ အသိပညာကြွယ်ဝစေရန် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်ကြီးကို Educated Nation အဖြစ် ပညာရေးကဏ္ဍက စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ (လေးထောင့်ကန်) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၈ရက်နေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အသိပညာရှင်နှင့် အတတ်ပညာရှင်များ၏ စွမ်းအားသည် အဓိကကျကြောင်း၊ ထို့ကြောင့် ယနေ့အမျိုးသား ပညာရည်မြင့်မားရေး အစီအစဉ်များကို စနစ်တကျချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းများ ခေတ်မီအဆင့်ဖြစ်ရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝရေး၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ စုံစုံလင်လင် ဖြည့်ဆည်းပေးရေးစသည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း"

ပြောကြားသွားသည်။

အခြေခံပညာကဏ္ဍအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျေးရွာခြောက်သောင်းကျော်တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်၍ ကျေးရွာသုံးရွာလျှင် စာသင်ကျောင်း နှစ်ကျောင်းနှုန်းရှိနေပြီး ဆရာ ဆရာမ၂၅၀၀၀၀ကျော်ကို ခန့်ထားပေးပြီးဖြစ်သည်။

ဆရာ ဆရာမများအနေဖြင့် မိမိတို့ အရည်အသွေးပြည့်ဝစေရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရင်း တပည့်ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်သူများဖြစ်စေရန် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ပေသည်။

ထို့အပြင် လူငယ်လူရွယ်များအား ငယ်စဉ်ကပင် ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းများ လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများရရှိလာပြီး နိုင်ငံတော်၏ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးသည့် နိုင်ငံသားများဖြစ်စေရေး လေ့ကျင့်သင်ကြားပေးကြရန် လိုအပ်ပေသည်။

ထို့မှုမက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးလှသည့် တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်နေရေးအတွက်လည်း လေ့ကျင့်သင်ကြားပေးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အသိပညာရှင်နှင့် အတတ်ပညာရှင်များ၏ စွမ်းအားသည် အဓိကကျသည့်အလျောက် အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးကဏ္ဍက စွမ်းဆောင်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်ပန်းတောင်းမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင်ဖြစ်ထွန်း တစ်အုပ်တစ်မ အင်တိုက်အားတိုက်စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲနှင့် ပျိုးထောင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် ညနေ၃နာရီခွဲက ကျောက်ပန်းတောင်း–ပုပ္ပားကားလမ်း မိုင်တိုင်အမှတ်(၄၀၀)အနီးရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်း၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းက မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှု အစီအစဉ်များကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

နောက်တက်ရောက်လာကြသူများနှင့်အတူပျိုးထုပ်များအတွင်း ပျိုးကိုင်းများ ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် တိုင်းမှူးက မန္တလေးတိုင်းအတွင်း ကျောက်ပန်းတောင်းမြို့နယ်သည် ခြံစည်းရိုးကြက်ဆူပင်အများဆုံး ပေါက်ရောက် ဖြစ်ထွန်းသော နယ်မြေဖြစ်၍ တစ်အုပ်တစ်မ အင်တိုက်အားတိုက် စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စိုက်ပျိုးရေးတာဝန်ပေး

ယင်းနောက် တိုင်းမှူးက ကျောက်ပန်းတောင်း တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုး ကြက်ဆူပျိုးကိုင်းများ ပေးအပ်၍ စိုက်ပျိုးရေး တာဝန်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထည့်သွင်းပျိုးထောင်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် ရှင်းလင်းဆောင်အနီးရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပျိုးဥယျာဉ်အတွင်း ကြက်ဆူမျိုးစေ့၊ ပျိုးပင်နှင့် ကိုင်းပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး

ပျိုးထောင်ထားရှိ

ကျောက်ပန်းတောင်းမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် မျိုးစေ့တင်း၂၀၀ စုဆောင်းထားရှိပြီး ကိုင်းပျိုးပင် ၂၂၃၅၇၀၀နှင့် မျိုးစေ့ ပျိုးပင် ၁၉၃၀၀၀ ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာတန်ဆောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက် ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ် ဦးမောင်မောင်အေး၊ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်သိန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်တင်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ် ဦးမောင်မောင်အေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကားများ ပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က သုတရသနှင့်မဂ္ဂဇင်းဂျာနယ် စာအုပ်မျိုးစုံ ၄၂၅ အုပ်ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုင်းကြီးကျွန်းရေကျော်ရွာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ရေကျော်ရွာ မဟာဓမ္မိကာရာမ ပိဋကတ်ကျောင်းတိုက်ကြီး၏ဒုတိယအကြိမ် မိုးကုတ်တရားစခန်းပွဲကို တပို့တွဲလပြည့်ကျော်၅ရက်မှ ၁၁ရက်အထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ သာသနာပြု နယ်လှည့်ဓမ္မကထိက ရွှေရတနာဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ ဂန္ထဝါစက ဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တနင်္သာရီတိုင်း ကြက်ဆူပင်စိုက်ပျိုးနည်းသင်တန်းဖွင့် ခရိုင်အလိုက်စိုက်ပျိုးမည့် စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်း ကြက်ဆူပင် စိုက်ပျိုးနည်း၊ ရော်ဘာအဖူးကူးနည်း သင်တန်းဖွင့်ပွဲနှင့် ခရိုင်အလိုက်စိုက်ပျိုးမည့် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်နံနက်က မြိတ်မြို့ တိုင်းရန်အောင်ခန်းမတွင် ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တပ်မတော်အရာရှိများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်မည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးက တနင်္သာရီတိုင်းအတွင်း ကြက်ဆူပင်ဧကငါးသိန်းစိုက်ပျိုးအောင်မြင်ရေး စီမံကိန်းတာဝန်ပေးအပ်ခြင်း၊ စိုက်ပျိုးနည်းပညာသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြန်မာ့နစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးခွန်ရွှေသင်းက သင်တန်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

မျိုးစေ့ဝေငှ

ထို့နောက် တိုင်းမှူးက မြိတ်၊ ထားဝယ်၊ ကော့သောင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တပ်နယ်အလိုက် တာဝန်ခံ တပ်မတော်အရာရှိများနှင့် ကုမ္ပဏီများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကြက်ဆူ စိုက်ပျိုးရေးစီမံကိန်းတာဝန်ခွဲဝေအပ်နှင်းကာ ကြက်ဆူမျိုးစေ့များ ဝေငှပေးကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ခန်းမအတွင်းခင်းကျင်းပြသထားသည့် ရော်ဘာအဖူးကူးနည်းနှင့် ကြက်ဆူပင်အဆင့်ဆင့် ပျိုးထောင်နည်းသရုပ်ပြပွဲနှင့် မှတ်တမ်းဓာတ်ပုံများအားလှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၅၁) ရပ်ကွက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော သင်တန်းများဖွင့်ပွဲ အခမ်းအနား တက်ရောက်အမှာစကား ပြောကြားစဉ်။

(နယ်စပ် စည်/ပင်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၈)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာမန်ဂလာဆာမာရာဝီရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၅)ရပ်ကွက် ညီမူရာဓမ္မာရုံတွင် ညီမူရာဓမ္မာရုံဂေါပကအဖွဲ့က ဦးစီးသော ညီမူရာဘာသာရေးသင်တန်းဆရာများက အမှတ်(၁) အဘိဓမ္မာဝိသုဒ္ဓိမဂ်သင်တန်းကို ဖေဖော်ဝါရီ၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့်၁၂နာရီမှစ၍ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္လာနေ့တိုင်းတွင်လည်းကောင်း၊ အမှတ်(၂) အဘိဓမ္မာသင်တန်းကို ဖေဖော်ဝါရီ ၁၈ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း သင်ကြားပို့ချသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက် လုပ်ငန်းများ ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ရမည့်အချက်များရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၈ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၅၁) ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၂၆) အဆင့်မြင့် အိမ်တွင်းမှု သင်တန်း၊ အမှတ်စဉ်(၁၀) အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁) စာရေးဝန်ထမ်းသင်တန်း၊ အမှတ်စဉ် (၄၀) နှင့် (၄၁) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ယင်းသင်တန်းဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများတက်ရောက်ကြသည်။

သင်တန်းများဖွင့်ပွဲတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြို့ရွာများအမြန်ဖွံ့ဖြိုးတိုးတက်ရမည် ဟူသော ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်ရမည့်အချက်များ၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် အချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည့် အချက်များ၊ မိမိတာဝန်ယူရသော လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂၆)သို့ သင်တန်းသူ ၃၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၄၀)သို့ သင်တန်းသူ၆၀၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၄၁)သို့ သင်တန်းသူ၂၅ဦး၊ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၀)သို့ သင်တန်းသူ ၂၀၊ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)သို့ သင်တန်းသူ ၂၀ စုစုပေါင်းသင်တန်းသူ ၁၅၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တကိုးပတ် ကြာမြင့်မည်ဖြစ်သည်။

မှာကြား

သင်တန်းများဖွင့်ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် သင်တန်းသူများ၏အိပ်ဆောင်၊ စားရိပ်သာ၊ သင်တန်းကျောင်း၏ သာယာလှပရေး ဆောင်ရွက်ထားမှုများ၊ ဦးစီးဌာနသုံးခု၏ ဝန်ထမ်းအိမ်ရာများ၊ စည်ပင်သာယာရေး ဦးစီးဌာနရှိ စက်ယန္တရားနှင့် ပစ္စည်းများထားသိုသည့် သိုလှောင်ရုံများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ စက်ယန္တရားနှင့်ပစ္စည်းများထားသိုသည့် သိုလှောင်ရုံများ လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၁ ရက်က သာကေတမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၉)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဒုတိယတန်းဘာသာစုံထူးချွန်ဆု ပထမနှင့် ကာယထူးချွန်ဆုရရှိသူ မမင်းသွဲ့ငြိမ်းအား ကျောင်းအုပ်ဆရာကြီး ဦးသန်းညွန့်က ဆုချီးမြှင့်စဉ်။

(က-ပ)

ခြံစည်းရိုးကြက်ဆူစေ့မှ ကြက်ဆူဆီထုတ်လုပ် စက်မောင်းနှင်ခြင်း ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာ၌ သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာတွင် ဇန်နဝါရီ ၂၇ ရက်နံနက်က ခြံစည်းရိုး ကြက်ဆူစေ့မှ ကြက်ဆူဆီထုတ်လုပ်ပြီး စက်မောင်းနှင်ပြသခြင်းသရုပ်ပြပွဲ အခမ်းအနား ကျင်းပသည်။

တက်ရောက်

သရုပ်ပြပွဲသို့ ဟိုပုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်သိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ကျောက်တန်းကျေးရွာအုပ်စု၊ ဘော်ကုန်းကျေးရွာအုပ်စု၊ မောက်မွန်း ကျေးရွာအုပ်စု၊ နောင်ဒေးကျေးရွာ အုပ်စုတို့မှ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

သရုပ်ပြပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သိန်းထွန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်း၊ ကြက်ဆူစေ့မှ ကြက်ဆူဆီထုတ်လုပ်သုံးစွဲနည်းများ ရှင်းလင်းပြောကြားပြီး ကျောက်တန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းက ပအိုဝ်းဘာသာဖြင့် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**ဆက်လက်၍ ခြံစည်းရိုးကြက်ဆီဖြင့် ထော်လာဂျီများသို့ တိုက်ရိုက်ထည့်ပြီး မောင်းနှင်ပြသသည်။ ဟိုပုံးမြို့နယ်တွင် ဇန်နဝါရီ ၂၇ ရက်အထိ ခြံစည်းရိုးကြက်ဆူပင် ၇၂၆ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



နေအဖွဲ့အစည်း၏ ပလူတိုဂြိုဟ်ထက်ကြီးမားသော ၁၀လုံးမြောက် ဂြိုဟ်ကြီးတစ်လုံးကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နေကိုလှည့်ပတ်နေသော ၁၀လုံးမြောက်ဂြိုဟ်ကြီး ပလူတိုဂြိုဟ်ထက် အရွယ်အစားပို၍ကြီးမားဟုဆို

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၃

ကျွန်ုပ်တို့ နေအဖွဲ့အစည်း၏ အပြင်ဘက်တွင် ပလူတိုဂြိုဟ်ထက်ကြီးသော ဂြိုဟ်ကြီးတစ်လုံးကို တွေ့ရှိရကြောင်း၊ ယင်းမှာ နေကိုလှည့်ပတ်နေသည့် ၁၀လုံးမြောက် ဂြိုဟ်ကြီးဖြစ်ကြောင်း လေ့လာတွေ့ရှိချက်ကို ဖေဖော်ဝါရီ ၁ရက်၌ နာဆာအဖွဲ့က အတည်ပြုလိုက်သည်။

အဆိုပါ ဂြိုဟ်ကြီးကို ၂၀၀၃ ယူဘီ ၃၁၃ဟု အမည်ပေးထားပြီး ကာလီဖိုးနီးယားနည်းပညာတက္ကသိုလ် ဂြိုဟ်ဆိုင်ရာ ပါမောက္ခ မိုက်ဘရောင်း ဆိုသူက ပထမဆုံးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကို နေအဖွဲ့အစည်း၏ အဝေးဆုံးနေရာတွင် တွေ့မြင်ရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ယင်းဂြိုဟ်ကြီးသည် ပလူတိုဂြိုဟ်ထက် ကြီးကြောင်း၊ နေအဖွဲ့အစည်း၏ ၁၀လုံးမြောက် ဂြိုဟ်ကြီးဖြစ်လာမည်ဖြစ်ကြောင်း မစ္စတာဘရောင်းက အခိုင်အမာ ပြောကြားလိုက်သည်။

ဖော်ပြ

အဆိုပါ ဂြိုဟ်ကြီးမှာ အချင်းဝက်အားဖြင့် ကီလိုမီတာ ၃၀၀၀ခန့် ရှိမည်ဖြစ်ကြောင်း၊ ပလူတိုဂြိုဟ်ထက် ကီလိုမီတာ ၇၀၀ပိုကြီးလိမ့်မည်ဖြစ်ကြောင်း၊ ယင်းဂြိုဟ်ကြီးသည် ၁၈၄၆ခုနှစ်က နက်ပကျွန်းဂြိုဟ်ကို တွေ့ရှိခဲ့ပြီးနောက် နေအဖွဲ့အစည်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ရက်နေ့ထုတ် နေချာ်းဂျာနယ်တွင် ဖော်ပြထားသည်။

နက်ပကျွန်းဂြိုဟ်သည် နေမှ ၄ဘီလီယံ ကီလိုမီတာကွာဝေးပြီး ယခုတွေ့ရသော ဂြိုဟ်သည် ကမ္ဘာနှင့် နေအကြား အကွာ အဝေး၏ အဆ ၃၀ကျော် ကွာဝေးသည်။

အမ်အင်အေ၊ဆင်ဟွာ

အီဂျစ်သမ္မတနှင့် ပါလက်စတိုင်းသမ္မတ ဟားမတ်စ်အဖွဲ့ အနိုင်ရမှုအပေါ် ဆွေးနွေး

ကိုင်ရို ဖေဖော်ဝါရီ ၃

အီဂျစ်သမ္မတ ဟိုစ်နီမူဘာရက်နှင့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်တို့သည် အစ္စလမ္မစ်ခုခံတိုက်ခိုက်ရေး လှုပ်ရှားမှုအဖွဲ့ (ဟားမတ်စ်) ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းအပေါ် ဖေဖော်ဝါရီ ၁ရက်က ဆွေးနွေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက မီနာသတင်းဌာနသို့ ပြောကြားသည်။

ဆွေးနွေးခဲ့

အဆိုပါ သမ္မတနှစ်ဦးသည် ပါလက်စတိုင်း ရွေးကောက်ပွဲရလဒ်များ နောက်ဆုံးအခြေအနေနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ရှေ့ဆက်လက် ဆောင်ရွက်မည့် အစိုးရသစ် ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း မီနာက ဖော်ပြသည်။

ပြောကြား

ဟားမတ်စ်အဖွဲ့သည် အကြမ်းဖက်မှုများကို စွန့်လွှတ်ပြီး အစ္စရေးတို့ ရှိနေခြင်းကို အသိအမှတ်ပြုလျှင် ဟားမတ်စ်အစိုးရကိုသာလျှင် ခွင့်ပြုမည်ဖြစ်ကြောင်း အဘတ်စ်က ပြောကြားသည်။

ဟားမတ်စ်သည် ဇန်နဝါရီ ၂၅ရက်က ပြုလုပ်သော ပါလက်စတိုင်း လွှတ်တော်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး ပါလက်စတိုင်း လွှတ်တော်ကောင်စီသစ်တွင် အမတ်နေရာ ၇၄နေရာ ရရှိမည်ဖြစ်သည်။

အစ္စရေးတို့အား ပျက်စီးရာပျက်စီးကြောင်း ဆော်ဩနေသော အဆိုပါ အဖွဲ့သည် ပါလက်စတိုင်းအစိုးရသစ်ကို ဦးဆောင်နိုင်လိမ့်မည် မဟုတ်ဟု အစ္စရေးတို့က ပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အိန္ဒိယသမ္မတ စင်ကာပူသို့ အလည်အပတ်ရောက်ရှိ

စင်ကာပူ ဖေဖော်ဝါရီ ၃

အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူကာလမ်သည် နယ်ပယ်အားလုံးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် အထူးသဖြင့် စီးပွားရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန် ရည်ရွယ်၍ စင်ကာပူနိုင်ငံသို့ ဖေဖော်ဝါရီ ၁ရက်၌ နှစ်ရက်ကြာ အလည်အပတ်ခရီး စတင်ခဲ့သည်။

စင်ကာပူသမ္မတ နန်းတော်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် သမ္မတကာလမ်သည် ၂၀၀၃ခုနှစ်က အိန္ဒိယနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သည့် စင်ကာပူ သမ္မတ အက်စ်အာနာသန်နှင့် ဆွေးနွေးခဲ့သည်။

တွေ့ဆုံမည်

၎င်းပြင် သမ္မတ ကာလမ်သည် စင်ကာပူ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်နှင့်လည်း တွေ့ဆုံခဲ့ပြီး ဝန်ကြီးချုပ်နှင့် အခြားအဆင့်မြင့်ဝန်ကြီးများနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

မကြာမီ နှစ်များအတွင်းက စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့သည် ကျယ်ပြန့်သည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ထိုးခဲ့ကြပြီး ပိုမိုမြင့်တင်ဆောင်ရွက်ခဲ့ကြသည်။

ဆောင်ရွက်

စင်ကာပူနိုင်ငံကလည်း တောင်အာရှနိုင်ငံအတွင်း ကြီးမားသည့် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရန် အိန္ဒိယနှင့် လက်တွဲကာ ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

လက်ရှိတွင် နှစ်နိုင်ငံကုန်သွယ်မှု တန်ဖိုးသည် နှစ်နိုင်ငံအကြား အမေရိကန်ဒေါ်လာ ၇ဘီလီယံဝန်းကျင်ရှိပြီး စင်ကာပူနိုင်ငံသည် အိန္ဒိယ၏တတိယ အများဆုံးနိုင်ငံခြားရင်းနှီး မြှုပ်နှံသည့်နိုင်ငံဖြစ်ပြီး အိန္ဒိယသည် စင်ကာပူနိုင်ငံတွင် ကုမ္ပဏီပေါင်း ၁၆၀၀ကျော် ဖွင့်လှစ်ထားသည်။**အမ်အင်အေ၊ဆင်ဟွာ**

အီဂျစ်၌ယာဉ်တိမ်းမှောက် ဟောင်ကောင်ခရီးသည် ၁၄ဦးသေဆုံး

ကိုင်ရို ဖေဖော်ဝါရီ ၃

အီဂျစ်နိုင်ငံအရှေ့တောင်ပိုင်းတွင် ဇန်နဝါရီ ၃၁ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားရာ ဟောင်ကောင်ကမ္ဘာလှည့် ခရီးသည် ၁၄ဦး သေဆုံးသွားကြောင်း မီနာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဘတ်စ်ကားသည် အီဂျစ်၏ ပင်လယ်နီ အပန်းဖြေစခန်း ဟာဂဟာဒါမှ တောင်ပိုင်းရှိ ကမ္ဘာလှည့် ခရီးသည်များ၏ အဓိက သွားရောက်ရာ လူဆာမြို့သို့ မောင်းလာခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။

လမ်းကွေ့တစ်နေရာတွင်ဖြစ်ပွားသည့် ယင်းမတော်တဆမှုတွင် အမြန်မောင်းသည့် အကြောင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

အဆိုပါ မတော်တဆမှုတွင် လူ ၃၀ခန့်လည်း ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ဒဏ်ရာရသူများကို ဟာဂဟာဒါရှိ ဆေးရုံသို့ အမြန်တင်လိုက်ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

ယင်းသတင်းနှင့် ပတ်သက်၍ တရုတ်သံရုံးက စုံစမ်း စစ်ဆေးလျက်ရှိကြောင်း ဆင်ဟွာကဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ပေါက်ကွဲမီးလောင်

ဘဂ္ဂဒက်မြောက်ဘက် ကယ်ကွတ်မြို့အနီး ခါဘာဇာရွာရှိ ရေနံပိုက်လိုင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားနေသည်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ ကနေဒါသံအမတ်ကြီးယာဉ်တန်းအား အမေရိကန်တို့ ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် ကနေဒါသံအမတ်ကြီး ယာဉ်တန်းအား ၎င်းတို့၏ ယာဉ်တန်းအနီးသို့ ချဉ်းကပ်လာစဉ် အရှိန်မလျှော့ခဲ့သဖြင့် ပစ်ခတ်ခြင်းဖြစ်ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ဖေဖော်ဝါရီ ၂ရက်က ပြောကြားသည်။

လုံခြုံရေးတင်းကျပ်ထားသော အစိမ်းရောင်နယ်မြေအတွင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ယင်းနေရာတွင် အီရတ်အစိုးရနှင့် သံတမန်များ၏ အဆောက်အအုံများနှင့် အမေရိကန်စစ်ဌာနချုပ်တို့ တည်ရှိရာနေရာဖြစ်သည်။ ထိုသို့ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ကနေဒါသံအမတ်ကြီး၏ ကားသည် ဆိုးဆိုးရွားရွား ပျက်စီးသွားကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

ပစ်ခတ်

ယင်းကနေဒါသံအမတ်ကြီးယာဉ်တန်းအား ရှေ့သို့ ဆက်တိုးမလာရန် သတိပေးခဲ့ကြောင်း၊ ရှေ့သို့ ဆက်လက်တိုးလာသောကြောင့် သတိပေးပစ်ခတ်သည့် အနေဖြင့် ကား၏အရှေ့ပိုင်းကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပစ်ခတ်မှုတွင် ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ပြစ်တင်ပြောဆို

ယင်းကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရန် ပြန်လည်သုံးသပ်နေပြီး အီရတ်များသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုနှင့်ပတ်သက်၍ အလျင်စလို ပြုတတ်မှုကို မကြာခဏ ပြစ်တင်ပြောဆိုခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ရိုးရာနွေရာသီပွဲတော်

ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့၌ ရိုးရာနွေဦးရာသီပွဲတော်ကျင်းပရာတွင် ပါဝင်ဆင်နွှဲနေသော ပြည်သူများအား ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာထုတ်ကုန်များတင်ပို့မှု ၂၀၀၅ ခုနှစ်က ဒေါ်လာဘီလီယံ ၄၀၀ဖိုးရှိ

ပေကျင်း ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာ စက်မှုထုတ်ကုန်များထုတ်လုပ်မှုသည် ၂၀၀၅ခုနှစ်က ယွမ်ငွေ ၃ဒသမ ၂ထရီလီယံ (အမေရိကန်ဒေါ်လာ ဘီလီယံ၄၀၀)ဖိုးရှိခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်က ယွမ်ငွေ ၁ဒသမ ၂၃ထရီလီယံဖိုး ရှိရာမှ မြင့်တက်လာခြင်းဖြစ်ကြောင်း မကြာသေးမီက အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၏ ကြေညာချက်၌ ဖော်ပြသည်။

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာထုတ်ကုန်များသည် လွန်ခဲ့သော ငါးနှစ်တာ ကာလကထက် သုံးဆနီးပါး တက်လာကြောင်း၊ ယင်းကဏ္ဍသည် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှုကို အဓိကမြင့်တင်ပေးခြင်းပင် ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာက ဖော်ပြသည်။

တရုတ်နိုင်ငံက ထိုကာလအတွင်း အဓိကထုတ်လုပ်သည့် ထုတ်ကုန်များမှာ အီလက်ထရွန်းနစ်ကုန်များ၊ ပြန်ကြားရေးနှင့် အခြားအဆင့်မြင့်နည်းပညာသုံးပစ္စည်းများဖြစ်ကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။

ဖော်ပြ

အဆင့်မြင့်နည်းပညာပို့ကုန်များမှာ ၂၀၀၁ခုနှစ်က ဒေါ်လာ ၄၆ဒသမ ၅ဘီလီယံဖိုးရှိရာမှ ၂၀၀၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၅ဒသမ ၅ဘီလီယံဖိုးရှိခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၁၅ဘီလီယံဖိုး ရှိခဲ့ကြောင်း အဆိုပါ ဌာန၏ စာရင်းဇယားများတွင် ဖော်ပြသည်။

တိုးတက်မှု

အဆင့်မြင့်နည်းပညာထုတ်ကုန်များသည် တရုတ်နိုင်ငံ၏ ဂျီဒီပီ ဖြစ်ရာခိုင်နှုန်းခန့် တိုးတက်မှုကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တစ်နေ့ရေနံစည်ပေါင်း ၂၈ သန်းထုတ်လုပ်ပေးရန် အိုပက်အဖွဲ့ ဆုံးဖြတ်ချက် ချမှတ်ထား

ဗီယင်နာ ဖေဖော်ဝါရီ ၃

ဩစတြေးလျနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသော (၁၃၈)ကြိမ်မြောက် အိုပက်ညီလာခံအစည်းအဝေးက တစ်နေ့လျှင် ရေနံစည်ပေါင်း ၂၈သန်း အများဆုံးထုတ်လုပ်မှုကို ဆက်ထိန်းထားရန် သဘောတူညီလိုက်ကြောင်း၊ လောင်စာဆီဈေးနှုန်း မြင့်တက်ခြင်းနှင့်လိုအပ်ချက်များ တိုးလာမှုကို ရည်ရွယ်လျက် ယင်းကဲ့သို့ ရေနံထုတ်လုပ်မှုကို ထိန်းထားမည် ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးအပြီးတွင် အဆိုပါ သဘောတူညီချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အိုပက်(ကမ္ဘာ့ရေနံတင်ပို့ရောင်းချသော နိုင်ငံများ)က ရေနံဈေးကွက်တည်ငြိမ်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက ပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်းကြောင်းဖြင့် အိုပက်ညီလာခံဥက္ကဋ္ဌနှင့် နိုင်ဂျီးရီးယား ရေနံဝန်ကြီး အက်မွန်မက်ဒူဘီဘီဒေါ်ကိုရက ပြောကြားသည်။

အဆိုပါ အိုပက်အဖွဲ့ဝင် ၁၁နိုင်ငံက လက်ရှိထုတ်လုပ်မှု အဆင့်များကို မလျှော့ချရေး၊ လောင်စာဆီဈေးနှုန်း မြင့်မားမှုနှင့် လိုအပ်ချက်များကို အစွမ်းကုန် ဖြည့်ဆည်းပေးရေး၊ ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေးတို့အတွက် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

အဆိုပါ ဆုံးဖြတ်ချက်ကို အိုပက်အဖွဲ့က ကြေညာလိုက်ပြီးနောက် ရေနံဈေးနှုန်းမှာ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၈ဒေါ်လာအောက် ကျဆင်းသွားခဲ့သည်။

မကြာသေးမီက အီရန်နှင့် နိုင်ဂျီးရီးယားတို့ကိစ္စများကြောင့် ရေနံဈေးနှုန်းမှာ ကမ္ဘာ့ဈေးကွက်၌ ၆၈ ဒေါ်လာအထက် ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားကျောက်မီးသွေး ယခုနှစ်တွင် တန်ချိန်သန်း၁၆၀ တင်ပို့မည်

ဂျကာတာ ဖေဖော်ဝါရီ ၃

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် သန်း ၁၆၀ထုတ်လုပ်ရန် စီစဉ်ထားကြောင်း စွမ်းအင်နှင့် ဓာတ်သတ္တုအရင်းအမြစ်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအစီအစဉ်ကို ပြီးခဲ့သည့်နှစ်က ကျောက်မီးသွေး တန်ချိန် ၁၄၃သန်း ထုတ်လုပ်ခဲ့မှုအပေါ် အခြေခံလျက် စီစဉ်ခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာန၏ ကျောက်မီးသွေးစီမံခန့်ခွဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူးချုပ် ဘန်ဘန်းဟာတိုယိုက ဆင်ဟွာသို့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ယခုနှစ်တွင် ကျောက်မီးသွေးတန်ချိန်သည် ပြီးခဲ့သည့် နှစ်က တင်ပို့ခဲ့သည့် ကျောက်မီးသွေးတန်ချိန် ၁၁၃ဒသမ ၃၅သန်းကို အခြေခံလျက် ကျောက်မီးသွေး တန်ချိန် ၁၁၃ဒသမ ၈၄သန်းကိုလည်း တင်ပို့ရောင်းချရန် ရည်မှန်းထားကြောင်း သိရသည်။

တန်ချိန် ၄၅ဒသမ သန်း၉၀ကို ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၄ခုနှစ်က တန်ချိန် ၄၀ဒသမ ၀၁သန်းအပေါ် အခြေခံလျက် တင်ပို့ခဲ့ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရန်နျူကလီးယားကိစ္စ အရှိန်မြင့်လာသော်လည်း ရေနံတင်ပို့မှုကို ရပ်ဆိုင်းထားမည်မဟုတ်ဟုဆို

ဗီယင်နာ ဖေဖော်ဝါရီ ၃

အီရန်နိုင်ငံက ၎င်း၏ နျူကလီးယား အစီအစဉ်အပေါ် အနောက်အုပ်စုနှင့် အငြင်းပွားမှုအရှိန်မြင့်လာသော်လည်း ရေနံတင်ပို့ရောင်းချခြင်းကို ဟန့်တားလိမ့်မည်မဟုတ်ကြောင်း အီရန်ရေနံဝန်ကြီးက ဗီယင်နာ၌ ကျင်းပသော အိုပက်အစည်းအဝေးတွင် ဇန်နဝါရီ ၃၁ရက်၌ ပြောကြားလိုက်သည်။

ပြောကြား

အီရန်နိုင်ငံက ၎င်း၏ ရေနံထုတ်လုပ်မှုကို အများဆုံးအဆင့်တွင် ဆက်ထိန်းထားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေး မရောယှက်ကြောင်း အီရန်ရေနံဝန်ကြီး ကာဇမ်ဗာဇရီက သတင်းထောက်များအား ပြောကြားသည်။ အီရန်နိုင်ငံသည် ရေနံတင်ပို့မှုကို ရပ်ဆိုင်းထားလိမ့်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သဘောတူညီခဲ့

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံသည် လန်ဒန်မြို့၌ ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က အီရန်နိုင်ငံ နျူကလီးယားကိစ္စကို လုံခြုံရေးကောင်စီသို့ ယခုသီတင်းပတ်အတွင်း တင်ပြရန် သဘောတူညီခဲ့ပြီးနောက် အီရန်ဝန်ကြီးက အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းများ

တန်ဇန်းနီးယား၌ လူ ၆သိန်းကျော် အစာရေစာပြတ်လပ်မှုနှင့် ကြုံတွေ့နေရ

ဒါအဲဆာလမ် ဖေဖော်ဝါရီ ၃

တန်ဇန်းနီးယားနိုင်ငံရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၂၆ခုအနက် ၁၀ခုရှိ လူ ၆၁၃၀၀၅ဦးသည် ယခုအခါ အစားအစာပြတ်လပ်မှုနှင့် စိုးရိမ်စရာ ရင်ဆိုင်ကြုံတွေ့နေရကြောင်း အစိုးရက ဖေဖော်ဝါရီ၁ရက်တွင် သတင်းထုတ်ပြန်သည်။

တန်ဇန်းနီးယား အစိုးရသည် ရှင်ဗင်ဂါ၊ အမ်ဝမ်ဇာ၊ ကီလီမန်ဂျာရို၊ ဆင်ဂီဒါ၊ တန်ဂါ၊ ဒိုဒိုမာ၊ မာရာ၊ တာဘိုရာ၊ အရပ်ရှာနှင့် မိုရိုဂိုရိုဒေသများသို့ သင်္ဘောဖြင့် ကောက်ပဲသီးနှံ ၂၁ဒသမ ၄၉၉တန်ကို တင်ပို့ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဖော်ပြ

၎င်းပြင် လိုအပ်ချက်အရ အဆိုပါဒေသများသို့ စားကုန်သောက်ကုန် ၁၈ဒသမ ၉၄၇တန်ကိုလည်း ပေးပို့ခဲ့ကြောင်း တန်ဇန်းနီးယား သမ္မတဂျာကာယာမရီရှိုကာဝီတီက ထုတ်ပြန်သည့် သတင်းတွင် ဖော်ပြပါရှိသည်။

၎င်း၏အစိုးရသည် ဝေးလံခေါင်းပါးသည့်ဒေသရှိ အငတ်ဘေးကြုံနေရသည့် တန်ဇန်းနီးယားလူမျိုးများ၏ အဓိက အစားအစာဖြစ်သည့် ပြောင်းဆန်တစ်ကီလိုဖိုးအတွက် တန်ဇန်းနီးယားရှီလင်၅၀ကိုလည်း စုဆောင်းထားရှိကြောင်း သမ္မတက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် လောင်စာဆီပေးဝေရေးစခန်းတွင် မီးလောင်နေသည်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဖေဖော်ဝါရီ ၂ရက်အထိ ၂၂၄၇ ဦးရှိပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဖေဖော်ဝါရီ ၂ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၂၄၇ ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ဖော်ပြ

ယင်းတို့အနက် ၁၇၅၄မှာ ရန်လိုသောတိုက်ခိုက်မှုကြောင့်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

အီရတ်၌သေဆုံးသော အခြားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀ဦး၊ အီတလီ၂၇ဦး၊ ယူကရိန်း၁၈ဦး၊ ပိုလန်၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန်၁၁ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒိုး၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယား တစ်ဦးစီသေဆုံးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မကွေး အောင်မြေရတနာစာသင်တိုက် ငွေရတုပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၃

မကွေးမြို့ ကန်သာရပ်အောင်မြေ ရတနာစာသင်တိုက်ကြီး၏ (၂၅)နှစ်ပြည့် ငွေရတုပူဇာ အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မကွေးဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် မကွေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇောတိပါလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ မကွေးဆရာတော်ကြီးက အနုမောဒနာတရားချီးမြှင့်ကာ အောင်မြေရတနာစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စသာရက အလှူရှင်များ စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ၂၈၀၆၆၀၂၀အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ငွေရတုပူဇာပွဲကို ဖေဖော်ဝါရီ ၈ရက်မှ ၁၀ရက်အထိ တရားသဘင်များ ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ၁ရက်နှင့် ၁၂ရက်များတွင်ကျောင်းတိုက်ရှိ သံဃာအပါး၄၅၀၊ ပင့်သံဃာအပါး၃၀၀ စုစုပေါင်း သံဃာအပါး ၇၅၀တို့အား အာရုဏ်ဆွမ်း၊ နေ့ဆွမ်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ ဝန်ကြီးဦးညဏ်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁၄/၂၀၀၅)ဆင်းပွဲကို ယနေ့ညနေ ၅နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

သင်တန်းဆင်းပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို စိတ်ပါဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ၁၆၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

သံတွဲခရိုင်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

သံတွဲခရိုင်အသင်း(ဂွ-တောင်ကုတ်-သံတွဲ)၏နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

အသက် (၇၆)နှစ်နှင့် အထက် အသင်းဝင် သက်ကြီး ဘိုးဘွားများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းသူအသင်းသားများ၏ သားသမီးများ (အမှတ်စာရင်းနှင့် အထောက်အထားများပူးတွဲတင်ပြရန်) နှင့် ၂၀၀၆ခုနှစ် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများသည် ဖေဖော်ဝါရီ၁၉ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ၃၇၆၈၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၂၉၁၂၀၀၊ အတွင်းရေးမှူး ဦးမောင်မောင်ခင် ဖုန်း-၅၇၁၀၁၆၊ စာရင်းစစ် ဦးမြမောင် ဖုန်း-၀၉-၅၁-၂၁၅၂၁၆၄၃၆၂၀ နှင့် အသင်းရုံးခန်း ဖုန်း-၃၈၂၀၈၇ တို့သို့ ဆက်သွယ်သတင်းပို့ကြရန်နှင့် အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ၊ နယ်သူနယ်သားများ အခမ်းအနားသို့ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ပဲခူးစိန်သာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပဲခူးမြို့ သမိုင်းဝင် စိန်သာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၁၂ရက်မှ တပို့တွဲလပြည့်နေ့၊ ဖေဖော်ဝါရီ၉ရက်မှ ၁၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ရေချမ်း၊ဆွမ်း၊ဆီမီး၊သစ်သီးတို့ဖြင့် ပူဇော်ပြီး ပဋ္ဌာန်းရွတ်ဆိုပွဲကျင်းပမည်ဖြစ်သည်။ ပဲခူးမြို့ ဓမ္မလင်္ကာရကျောင်းတိုက် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓဆရာတော်ကြီးကို အမှူးထား၍ သြဝါဒစရိယဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ပွဲပွဲတော်ကို စည်ကားသိုက် မြိုက်စွာကျင်းပမည်ဖြစ်ရာ တပို့တွဲလပြည့်နေ့ မွန်းလွဲ၂နာရီတွင် လှူဖွယ်ပစ္စည်းများကို လာရောက် လောင်းလှူနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

ပြည်မြို့တွင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်းအလင်းပြတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး တည်ထားကိုးကွယ်တော်မူသော ဉာဏ်တော် ၆၆ တောင် အမြင့်ဆောင်သည့် မဟာရွှေမြင့်မိုရ် စူဠာမဏိခတ်ပေါင်းစု စေတီတော်မြတ်ကြီး၏ ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၄ရက်မှ၁၈ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ ဖေဖော်ဝါရီ၁၄ ရက်မှ ၁၆ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ သုံးရက်တိုင်တိုင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဖေဖော်ဝါရီ ၁၇ရက်မှ ၁၈ရက်အထိ ညနေ ၅နာရီမှ စတင်၍ ပြည်မြို့ပေါ်ရှိ ဓမ္မစကြာဝတ်အသင်းအဖွဲ့များက နေ့စဉ်အလှည့်ကျ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဖေဖော်ဝါရီ ၁၇ရက်ညပိုင်းတွင် ရင်ခွင်ဦးတေးဂီတ အဖွဲ့က ဩဘာခံပူဇော်မည်ဖြစ်သည်။

ကျင်းပမည်

ဖေဖော်ဝါရီ ၁၈ရက် (စနေနေ့) နံနက် ၅နာရီတွင် ပင့်သံဃာ ၁၀၈ပါးတို့အား နမ်းမနဲ အရုဏ်ဆွမ်းဆက်ကပ်ပြီး နံနက်၆နာရီခွဲတွင် မဟာရွှေမြင့်မိုရ် စူဠာမဏိခတ်ပေါင်းစု စေတီတော်မြတ်ကြီးအား တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တနေမိန္ဒက ကြီးမှူး၍ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး နံနက်၈နာရီမှစတင်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို စေတီတော်ရင်ပြင်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဒါယကာ ဒါယိကာမအပေါင်းတို့က စုပေါင်း၍ ကုသိုလ်ဒါနပြုနိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြတမာဆရာတော်၏ နယ်တရားပွဲ ဓမ္မခရီးစဉ်အဖြစ် ဖေဖော်ဝါရီ၈ရက်မှ၁၀ရက်အထိ လက်ပံတန်းမြို့ မြို့နယ်လုံးဆိုင်ရာ ရှင်ပြုပွဲတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ရက်တွင် အရာတော်မြို့နယ် အောင်မြို့သာရွာ၌ အလှူဒါယကာ ဦးသိန်းလွင်-ဒေါ်တင်မာဦး မိသားစု၏ ရှင်ပြုပွဲတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ရက်၌ သန်လျင်အောင်ချမ်းသာဓမ္မသာရရေ၊မီး၊ဆေး၊ဆွမ်းဓမ္မသဘင်၌ လည်းကောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ယဉ်ကျေးမှု အကအလှပန်းချီပြပွဲကြည့်ရှုလေ့လာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာ့ယဉ်ကျေးမှု အက၊အလှ ပန်းချီပြပွဲအကြို စစ်ဆေးခြင်းကို ယနေ့နံနက်၁၀နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ပုလဲကွန်ဒို အခန်း အမှတ်(၁၈)TMT ပန်းချီပြခန်း၌ပြုလုပ်ရာ စာကြည့်တိုက်ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့် ကော်မတီဝင်များက ကြည့်ရှုစစ်ဆေးပြီး ပြပွဲပြသခွင့်ပြုလက်မှတ်ကို ပန်းချီဆရာ စတားမြသန်းအား ပေးအပ်လိုက်သည်။

အဆိုပါ မြန်မာ့ယဉ်ကျေးမှု အကအလှ ပန်းချီပြပွဲခေါင်းစဉ်ဖြင့် ပန်းချီဆရာ စတားမြသန်းကိုယ်တိုင် ရေးဆွဲထားသော ပန်းချီကားပေါင်း၄၀ ကို ပုလဲကွန်ဒို TMT ပန်းချီပြခန်း၌ ဖေဖော်ဝါရီ ၄ရက်မှ ၁၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၅နာရီထိ ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်စည်ကား

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ တတိယနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပသည်။

ယင်းဈေးရောင်းပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အထည်အလိပ်ထုတ်ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ စားသောက်ကုန်ပစ္စည်းများ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှဆေးဝါး၊ အလှကုန်နှင့် အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းမှ ကြွေထည်၊ မြေထည်၊ ဖန်ထည်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းမှ စက္ကူနှင့်ဓာတုဗေဒပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ အပ်ချုပ်စက်များ၊ စက်ဘီးများ၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများ စသည့်လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း အမယ်(၃၃၃)မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးရောင်းပွဲတော် လာရောက်သူများအား ညစဉ် ၆နာရီမှ ၈နာရီအထိ စင်တင်တေးဂီတများဖြင့် ဖျော်ဖြေပြီး စားသောက်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ၅ရက်အထိ နေ့စဉ် နံနက်၁၀နာရီမှ ည၈နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်သည်။ (သတင်းစဉ်)

4-2 (06).p65 1 3/31/1905, 11:30 PM

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ၂၀၀၅-၂၀၀၆ခုနှစ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈နာရီက အလုံမြို့နယ် ဆင်မင်းလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ကလုပ်ငန်း ဆောင်ရွက်ထားရှိနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က တိရစ္ဆာန်ရောဂါကာကွယ်ဆေးအသစ်များ ထုတ်လုပ်နိုင်မှုအခြေအနေများ နိုင်ငံတော်၏ အသား/နို့/ဥထုတ်လုပ်မှုအခြေအနေများနှင့် ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်မှုဆိုင်ရာများကိုလည်းကောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက ငါးမျိုးများဆည်၊ မြစ်၊ ချောင်းသဘာဝရေပြင်များတွင် မျိုးစိုက်ထည့်ပေးနိုင်မှုအခြေအနေများ၊ နိုင်ငံတော်၏ ငါး၊ ပုဇွန်ထုတ်လုပ်မှု ပြည်ပတင်ပို့မှု အခြေအနေများကိုလည်းကောင်း၊ ပျားလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေက ပျားနှင့်ပျားထွက်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှုနှင့် ဝတ်မှုန်ကူးပြောင်းပေးနိုင်မှုကိုလည်းကောင်း၊ မွေးမြူရေးအစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးက တိရစ္ဆာန်မျိုးကောင်းမျိုးသန့်၊ အစာနှင့်ဆေးဝါးထုတ်လုပ်ပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက တက္ကသိုလ်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးညွန့်မောင်အား ရည်စူး၍ အမှတ် ၂၁၁ ဓမ္မရာဇာလမ်း(၁၀) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် နေ ဇနီး ဒေါ်ငွေညွန့်နှင့် သားသမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးညွန့် လက်ခံယူစဉ်။

(က-ပ)

တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ"မိဘဂုဏ်"ဘိုးဘွားရိပ်သာသို့ ဇန်နဝါရီ ၁၀ ရက် နံနက်က လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အဘိုးအဘွားများအသုံးပြု ဘီးတပ်လက်တွန်းကုလားထိုင်နှစ်စုံလှူဒါန်းရာ ရိပ်သာအမှုဆောင်အဖွဲ့ဝင်များက လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်းရွှေကျင်နိကာယဆရာတော်ကြီးများကြီးမှူး ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရွှေကျင်နိကာယသာသနာပိုင် ဝါဆိုဆရာတော်ကြီးနှင့် တွဲဖက် သာသနာပိုင် သိရိမန္တစံကျောင်း ဆရာတော်ကြီးတို့အား ဦးထိပ်ထား၍ ရန်ကုန်တိုင်း ရွှေကျင်နိကာယ အကြီးအကဲ ဆရာတော်ကြီးများက ကြီးမှူးကျင်းပသော (၈၆)ကြိမ်မြောက် ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင် နိကာယဝိနည်းစာပြန်ပွဲကို ဖေဖော်ဝါရီ ၇၊၈၊၉ရက်များတွင် ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီးအတွင်းရှိ ရွှေကျင်နိကာယသာသနာလင်္ကာရမဟာဓမ္မ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ စာဖြေသံဃာတော်အပါး ၆၀၀ ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

စာတော်ပြန်ပွဲ အကြိုနေ့များဖြစ်သော ဖေဖော်ဝါရီ ၄ရက်တွင် ပါဠိကာရီဆရာတော်အရှင် အဂ္ဂိသ၊ ဖေဖော်ဝါရီ ၅ရက်တွင် ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက၊ ၆ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒတို့က ညစဉ် ၇နာရီမှစ၍ ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေကျင်တိုက် သာသနာ့လင်္ကာရမဟာဓမ္မဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။

ဝိနည်းတော်စာပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုသော သံဃာတော်များသည် ဖေဖော်ဝါရီ၇ရက် နံနက်၈နာရီတွင် ဗဟန်းမြို့နယ်နှင့်ပန်းဘဲတန်းမြို့နယ်အတွင်းသို့လည်းကောင်း၊ ဖေဖော်ဝါရီ၉ရက်တွင် လသာမြို့နယ်အတွင်းသို့ လည်းကောင်း အဖွဲ့များခွဲ၍ ဆွမ်းခံကြွရောက်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရွှေပြည်သာမြို့ အမှတ် ၂ သံလွင်လမ်း ၆/၁၀ရပ်ကွက် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်အတွင်းရှိ နာရေးကူညီမှုအသင်း (ရွှေပြည်သာ) သို့ ဆရာမဒေါ်ခင်မိုနှင့် စမ်းချောင်းမြို့နယ် ပညာရေးမိသားစုတို့က အလှူမီနီယံခေါင်းနှင့် စတီးဇန်းအတွက် ကျပ်တစ်သိန်းသုံးသောင်းလေးထောင်ကို ဇန်နဝါရီ၂၉ ရက်က လှူဒါန်းရာ နာယက ဦးမြတ်အေးနှင့် ဥက္ကဋ္ဌ ဦးမြတ်ဝေတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

ရေစက်ချအလှူမင်္ဂလာတရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပုသိမ်မြို့ စက်တော်ရာတောင်ပေါ်ပရိယတ္တိစာသင်တိုက်နှင့်စစ်တွေမြို့ သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ကြီးကို တည်ထောင်ခဲ့သည့် ပထမ ပုသိမ်ဆရာတော်ကြီးနှင့် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ထန်းပြင်ကျောင်း ဆရာတော်ကြီးတို့အား ဂုဏပူဇာသဘင်နှင့် ထန်းပြင်ကျောင်းကြီးအား ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို ၁၃၆၇ခု တပို့တွဲလပြည့်ကျော် ၃၊၄၊ ၅ရက်တို့တွင် ထန်းပြင်ရွာ၌ စည်ကားစွာကျင်းပမည်ဖြစ်သည်။ တပို့တွဲလပြည့်ကျော် ၃ ရက် မင်းပြားမြို့ ရတနာ့ဗိမာန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပြည်နယ်သံဃာ့နာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တဇနိန္ဒ၊ ၄ရက်တွင် ရမ်းဗြဲ မြို့နယ် ရမ်းဗြဲငယ်ချောင်းဖျားကြီး ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ၊ ၅ရက်တွင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် (အလိုတော်ပြည့်) ဓမ္မာစရိယတက္ကသိုလ်နာယကချုပ် ဆရာတော် သ-စ-အ၊ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသတို့က အနုမောဒနာတရားတော်များ ဟောကြားမည်ဖြစ်သည်။ အလှူငွေလှူဒါန်းလိုသူများကို ဦးချမ်းမောင်(ရမ်းဗြဲမြို့နယ်အသင်းဥက္ကဋ္ဌ) ဖုန်း-၅၁၃၄၆၂၊ ဦးစောလင်း ဖုန်း-၂၉၆၁၆၁၊ ဦးယိုင်လုံး ဖုန်း-၆၆၁၂၇၃၊ ဦးသန်းမောင်ဦး(ရမ်းဗြဲ) ဖုန်း-၀၄၃-၆၃၇၆၆/၆၃၇၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၄-၂-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၀	၇။	ကျောက်ကြီး ပေါက်တံတား
၈း၂၀	၈။	အတီးပြိုင်ပွဲ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar Made Easy

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၅	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၅	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ "Doraemon"
၁၃း၂၀	၆။	နိုင်ငံခြားကာတွန်းဇာတ်လမ်း **"နေခြည်နွေးနွေး"(အပိုင်း-၂၈)**
၁၃း၅၅	၇။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၄း၀၅	၈။	"မနိုင်သောအရှုံး" ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်း မောင်လှမျိုး)
၁၄း၁၅	၉။	အတီးပြိုင်ပွဲ
၁၄း၂၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၃၅	၁၁။	တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်ပွဲတော် (အပိုင်း-၃)
၁၄း၄၅	၁၂။	International News
၁၅း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာ အထူးပြု) (သင်္ချာ)
၁၆း၄၅	၄။	အတီးပြိုင်ပွဲ
၁၆း၅၅	၅။	တေးဂီတအစီအစဉ်
၁၇း၁၀	၆။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၇း၃၅	၇။	"နှစ်မြွာနတ်မိမယ်" (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-အောင်ကျော် ကျော်)
၁၈း၀၀	၈။	ညနေခင်းသတင်း
၁၈း၃၀	၉။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အသည်းနှလုံးနဲ့လူသား"** (အပိုင်း-၇)
၁၉း၄၅	၁၁။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုအသွင်ကူးပြောင်းရေးနှင့် အနှစ်သာရ(အပိုင်း-၁၁)
၂၀း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**"နိုင်ငံခြားဇာတ်လမ်းတွဲ" "ချစ်မိပြီဆိုရင်"**(အပိုင်း-၁၉)

ဒလမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ဒလမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေး၊ ရွေးချယ်တင်မြှောက်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက် ညနေ ၄ နာရီက သီရိဇေယျာ အနော်ရထာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌဦးဖေသိန်း (ဖေသိန်း-ဒလ)က သဘာပတိအဖြစ်ဆောင်ရွက်ပြီးအတွင်းရေးမှူးဦးကျော်ဦး (ဇလွန်-ကျော်ဦး)က နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားသည်။

ရွေးချယ်

ထို့နောက် ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဦးဝင်းကိုကို (အောင်မင်း-ဒလ) အား ဥက္ကဋ္ဌ၊ ဦးငွေထွန်း (ဦးငွေထွန်း-စာရင်းအင်း)အား အတွင်းရေးမှူး၊ ဦးလှကျော် (ဦးကျော်-ဒလ) အား ဘဏ္ဍာရေးမှူး၊ ဦးထွန်းလှ (မောင်လွှမ်းမိုး-ဒလ)နှင့် ဦးတင်မောင်သန်း(မောင်တင်မွန်)တို့အား အမှုဆောင်အဖြစ်ရွေးချယ်တင်မြှောက်ကြသည်။ **(ဝဲပုံ)**

ညီလာခံကိုယ်စားလှယ်အဖြစ် ဦးဝင်းကိုကို (အောင်မင်း-ဒလ)အား ရွေးချယ်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

သိမ်ဆောက်လုပ်ရေးပါဝင်လှူဒါန်းနိုင်ကြ

ရန်ကုန် ဖေဖော်ဝါရီ ၃

ဘဝနတ်ထံပျံလွန်တော်မူ သွားသည့် ကျေးဇူးရှင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓမ္မမဟာရဋ္ဌဂုရု မြင်းခြံဆရာတော်ကြီး ဦးသောဘိသ ငယ်စဉ်က သီတင်းသုံးခဲ့သည့် ညောင်ဦးမြို့နယ်စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ဝေယံဘုံသာ ဘုန်းတော်ကြီးကျောင်းကို ညောင်ဦးမြို့ အရှေ့ဈေးတန်းရပ်ကွက်နေ ဦးဘိုရီ-ဒေါ်လှရင်၊သမီးမယဉ်ယဉ်မြင့်၊မအေးအေးသန်းတို့က ကျပ်၄၅သိန်းအကုန်ကျခံတစ်ထပ်တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ လိုအပ်နေသည့်အလျားပေ ၄၀၊ အနံ ပေ၂၀ရှိ သွပ်မိုး၊အုတ်ကာ၊ ဘုရားဆောင်နှင့် ၃၆လက်မ ဆင်းတုတော်၊သိမ်ကျောက်တိုင်များနှင့် တမံတလင်းခင်း မျက်နှာကြက် အပါအဝင် ၃၂သိန်းလေးသောင်းအကုန်အကျခံပြီး သိမ်ဆောက်လုပ်မည်ဖြစ်ရာလှူဒါန်းလိုသူများ (သို့) မိမိအစီအစဉ်ဖြင့် ဆောက်လုပ်လိုသူများသည် ဒဂုံမြို့သစ်တောင်ပိုင်း နိကယ်စာသင်တိုက် ဘဒ္ဒန္တဇောဘာသ ဖုန်း-၀၉-၉၉-၂၈၂၀၅၊ ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း) စုပါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်(စိုင်းဘုန်းထူး ဗီဒီယိုဓာတ်ပုံ စတူဒီယို) ၄၈လမ်း၊ ရန်ကုန် ဖုန်း-၂၉၂၆၄၄နှင့် ၂၉၄၆၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မဟာဝိဇယစေတီ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်း ၁၄ရက် ဖေဖော်ဝါရီ ၁၁ရက်မှ တပို့တွဲလပြည့်ကျော်၁ရက် ဖေဖော်ဝါရီ၁၃ရက် အထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ဗုဒ္ဓပူဇနိယ ပွဲတော်တွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာနှင့် သံဃာ့ပူဇာ အစီအစဉ်များအပြင် ထမနဲထိုးပြိုင်ပွဲပါ ပါဝင်မည်ဖြစ်သည်။

ဗုဒ္ဓပူဇာအနေဖြင့် ဖေဖော်ဝါရီ၁၂ ရက် နံနက်တွင် စေတီတော်မြတ်ကြီးအား ပန်းမျိုးစုံ၊ သစ်သီး မျိုးစုံ၊ မုန့်မျိုးစုံတို့ဖြင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၅နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် စေတီတော်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက စေတီတော်မြတ်ကြီးကို ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကိုလည်းကောင်း၊ ဖေဖော်ဝါရီ၁၁ ရက်မှ ၁၃ရက်အထိ ညစဉ် စေတီတော်ကြီးကို သုံးညတိုင်တိုင် ဆီမီး ၅၀၀၀ ထွန်းညှိ ပူဇော်ပွဲကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဓမ္မပူဇာအနေဖြင့် ဖေဖော်ဝါရီ ၁၁ရက်ညမှ ၁၃ရက်ညအထိ သုံးညတိုင် နိုင်ငံကျော် မဟာဓမ္မကထိကဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဓမ္မရက္ခိတ ဓမ္မာရုံကြီး၌ ညစဉ်ဟောကြားမည်။ ပွဲတော်သုံးရက်အတွင်း နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ ဝတ်အသင်း ၁၈သင်းတို့က ပရိတ်တရားတော်များနှင့် ဗုဒ္ဓဒေသနာတော်များကို ရွတ်ဖတ် ပူဇော်ကြမည်ဖြစ်သည်။

သံဃာ့ပူဇာအနေဖြင့် ဖေဖော်ဝါရီ ၁၂ရက် နံနက်နှင့် ၁၃ ရက် နံနက် အချိန်များတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာ တော်များကို အရဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းမည်။ ဖေဖော်ဝါရီ ၁၃ရက် နံနက်၇နာရီတွင် ဘုရားအမှူးပြုသောသံဃာတော်များကို ဆွမ်းဆန်စိမ်းများ လောင်းလှူမည်ဖြစ်သည်။

ဖေဖော်ဝါရီ၁၁ရက် ညနေ၄နာရီတွင် (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲကိုကျင်းပမည်။ ထမနဲထိုးပြိုင်ပွဲတွင် မြို့နယ်များနှင့် မော်တော်ယာဉ်လိုင်းများမှ ထမနဲထိုးအသင်း ၃၇သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စပါးတစ်ကေအထွက်နှုန်းကောင်းမွန်ပြီး စိုက်နည်းစနစ်မှန်ကန်ရေးဆောင်ရွက် ကြက်ဆူဆီအသုံးဝင်ပုံ ပြည်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက်နံနက် ၁၀ နာရီခွဲက ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ဥက္ကဋ္ဌများ၊ ပြည်နယ်စိုက်ပျိုးရေးတိုးတက်မြင့်မားရေးအဖွဲ့ အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပြည်နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် စပါးတိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်နည်းစနစ်မှန်ကန်ရေး၊ ဒေသအလိုက် ကြက်ဆူပင် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးရေးနှင့် ကြက်ဆူဆီအသုံးဝင်ပုံများကို ပြည်သူများသိရှိအောင် သရုပ်ပြဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး ရှင်းလင်းအမှာစကားပြောကြားသည်။

(အပေါ်ပုံ)

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ခရိုင်နှင့်မြို့နယ်အလိုက် စိုက်ပျိုးရေးတိုးတက်မြင့်မားရေးဆိုင်ရာဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြပြီး ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီ

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များ ရှင်းလင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်အဖွဲ့ လုပ်ငန်းစဉ်ရှင်းလင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်များ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ ရွှေပြည်သာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က ၂၀၀၆ ခုနှစ်အတွက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်နွယ်နီအုန်းက ၂၀၀၅ခုနှစ်အတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောရွှေက ၂၀၀၅ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ **“ရှာမှီးခြင်းမလွဲကြရန်”** တရားတော်

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၁၅ ၄။ ကျန်းမာသုတ
- ၁၂း၂၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“မိတ်ဆွေနှစ်ဖော်”** (အပိုင်း-၁)
- ၀၁း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄း၃၀ ၄။ မြန်မာသံစဉ်ချိုနှာဝင်
- ၄း၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅း၁၅ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၃၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း-၇)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ English Premier League ဘောလုံးပွဲအစီအစဉ် Birmingham Vs Arsenal (Live)

အရှင်နန္ဒာစရိယ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(သာသနဓ ဇဓမ္မာစရိယ၊ဂန္ထဝါစကဓမ္မာစရိယ) သည်ဧရာဝတီတိုင်း မြောင်းမြမြို့နယ် မွေတော်ရွာ၌ တပို့တွဲလဆန်း ၉ရက်မှ လပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၆ ရက်မှ ၁၃ရက်)အထိ ကျင်းပမည့် ခုနစ်ရက် တရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲဖွင့်ပွဲကို ဇန်နဝါရီ၂၉ ရက်က အမှတ်(၄၆)ရပ်ကွက် အလင်းရောင်စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှလှမြွေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဖေဖော်ဝါရီ ၃

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီက တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု(၃)မှုကို စီရင်ချက် ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၃)မှုကို ရုံးထိုင်ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သရက်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

သရက်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလ ပန်းခြံလမ်း(ဘားလမ်း)အထက် အောင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့နိုင်

(၃၁-၁၂-၂၀၀၅)ရက်တွင် အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များ၊ အသင်းဝင်များ၏ မိဘများစာရင်းနှင့် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းကို အထောက်အထားဖြင့် ပူးတွဲ၍ ဦးအုန်းမောင် အောင်ဓမ္မာရုံ မဟာဗန္ဓုလပန်းခြံလမ်း ဦးမိုးခိုင် ဖုန်း-၅၇၀၀၈၁၊ ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ ဦးမြတ်ထွန်း ဖုန်း-၂၄၆၆၆၀၊ ဦးလှထူးကျော် ဖုန်း-၆၆၂၂၀၇၊ ဒေါ်အေးညွန့်သွင် ရုံးဖုန်း-၆၄၂၃၉၃၊ ဗိုလ်မှူးစန်းအောင် (ငြိမ်း) ဖုန်း-၀၆၈ ၂၁၃၇၁ နှင့် ဦးစိုးလှမြင့် ဖုန်း-၀၆၈ ၂၁၀၅၈ တို့သို့ ဖေဖော်ဝါရီ ၁၅ ရက်ထက် နောက်မကျစေဘဲ အမည်စာရင်းများကို ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေတောင်ကျောင်းဓမ္မရိပ်သာ ၁၀ ရက် တရားအားထုတ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်း ရွှေတောင်ကျောင်း ဓမ္မရိပ်သာ ဓမ္မသာလာကျောင်းတော်ကြီး၏ မင်္ဂလမ်းပြ သစ္စာခန်းမ(၂)၌ ၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက် မတ် ၂၆ ရက်မှ တန်ခူးလဆန်း ၉ ရက် ဧပြီ ၆ ရက်အထိ ၁၀ ရက် တရားအားထုတ်ပွဲကို ကျင်းပမည်ဖြစ်ရာ ရိပ်သာပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တ သောဘိတ သာသနာဓဇ သိရီပဝရဓမ္မာစရိယ ဦးဥဇ္ဇောတ သာသနာ့တက္ကသီလ မဟာဓမ္မာစရိယနှင့် ဆရာမကြီး ဒေါ်ခင်အေး စူဠအာဘိဓမ္မိက ဝါသိဋ္ဌကလျာဏဥာဏဓဇ တို့က ဟောပြောပြသမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ ယောဂီများ အထက်ပါရိပ်သာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၆၇၉၆၄ သို့ဖြစ်စေ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော လူမှုထူးချွန် တတိယဆင့်ဆုရ ဦးမြခိုင် (လူမှုဝန်ထမ်းဦးစီးဌာန)အား ထပ်ဆင့်ဂုဏ်ပြုလက်ဆောင် ချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

အောင်ပွဲရအားကစားသမားများနှင့် လူမှုထူးချွန်ဆုရရှိသူများ ထပ်ဆင့်ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

တတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အောင်ပွဲရရှိသော အားကစားသမားများနှင့် ၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော လူမှုထူးချွန်ဆုရဝန်ထမ်းများအား ထပ်ဆင့် ဂုဏ်ပြုပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

လက်ခံရယူ

ထို့နောက် အောင်ပွဲရအားကစားသမားများအတွက် ငွေလှူဒါန်းပွဲကျင်းပရာ အလှူရှင် ဦးမောင်မောင်၊ ဦးမောင်မောင်စိန်နှင့် ညီများ၊ (ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးအောင်ခိုင်-ဒေါ်ခင်ကြူကြူသန်း (မဏ္ဍိုင်ဒီဇယ်နှင့် နော်ဇယ်ပန့် ပြုပြင်ရောင်းဝယ်ရေး) က ငွေကျပ်တစ်သိန်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar International Inpex)က ငွေကျပ်ငါးသောင်း၊ ဦးကြည်သိန်း (Fudark) က ငွေကျပ် သုံးသောင်း၊ ဦးမြစိုး-ဒေါ်တင်တင်မြင့်(တို့ရွှေပြည် ဆောက်လုပ်ရေး)က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဂုဏ်ပြုပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယအကြိမ် အာဆီယံနိုင်ငံများဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ဆုနှင့် ကြေးတံဆိပ်တစ်ဆုရ ဦးမြခိုင် (လူမှုဝန်ထမ်းဦးစီးဌာန)၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မထက်ထက်အေး (ကြည့်မြင်တိုင် မျက်မမြင်ကျောင်း)၊ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ဆုရ မသိမ့်သူသူလင်း (မသန်စွမ်းသက်ငယ်သင်တန်းကျောင်း)၊ အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသော မောင်မျိုးအောင် (ကြည့်မြင်တိုင် မျက်မမြင်ကျောင်း)နှင့် (International Tennis Fedration 14 & Under Asian Championships (Group-2) ပြိုင်ပွဲတွင် ဆုရရှိသော လူငယ်သင်တန်းကျောင်းမှ မောင်အောင်ကျော်နိုင်၊ မောင်အောင်ကိုဦး၊ မောင်အိုက်ကျောက်နှင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သော (International Tennis Fedration 14˚& Under Asian Championships၊ (Group-2)ပြိုင်ပွဲတွင် အောင်ပွဲဆင်ခဲ့သော လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများအား အစစအရာရာ ပံ့ပိုးကူညီ လေ့ကျင့်သင်ကြားပေးခဲ့သည့် Ko Ko Ro Volunteer Group မှ Mr. Jimbo နှင့် ဇနီးအား ဂုဏ်ပြုမှတ်တမ်း ပေးအပ်သည်။

ဂုဏ်ပြုဆုငွေများပေးအပ်

ထို့နောက် ၂၀၀၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သော လူမှုထူးချွန် ပထမဆင့်ဆုရ ဦးမျိုးအောင်၊ (ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း) နှင့် လူမှုထူးချွန် တတိယဆင့်ဆုရ ဦးမြခိုင် (လူမှုဝန်ထမ်းဦးစီးဌာန) တို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Nobutake Odano က မျိုးစေ့သန့်စင်စက် ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်နှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မျိုးစေ့ပွားရေးစီမံကိန်း မန်နေဂျာ Dr. Ram Chaudhary က ရခိုင်ပြည်နယ်အတွင်း တောင်သူများပါဝင်မှုဖြင့် အကောင်အထည်ဖော်သည့် မျိုးစေ့ပွားရေးစီမံကိန်း ဆောင်ရွက်မှုအခြေအနေများ၊ မျိုးစေ့သန့်စင်စက်တည်ဆောက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက ရခိုင်ပြည်နယ်အတွင်း ဆန်စပါးဖူလုံစွာ စိုက်ပျိုးနိုင်မှုအခြေအနေနှင့် မျိုးစေ့သန့်စင်စက် တည်ဆောက်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် မျိုးသန့်စင်စက်ရုံသို့ သွားရောက်၍ တိုင်းမှူးနှင့် ဂျပန်နိုင်ငံသံအမတ်ကြီးတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ မျိုးသန့်စင်စက်ရုံအတွင်း၌ စပါးမျိုးများအား မျိုးသန့်စင်စက်ဖြင့် မျိုးသန့်အောင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါစက်သည် စပါး၊ ပဲမျိုးစုံ၊ ဂျုံနှင့်ဆီမုန်ညှင်းများကို သန့်စင်နိုင်ပြီး တစ်နာရီလျှင် မျိုးစေ့နှစ်တန်ခန့် မျိုးသန့်စင်နိုင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် စစ်တွေမြို့ မြို့တော်ခန်းမရှိ ဧည့်ဝတီ အစည်းအဝေးခန်းမ ပြန်လည်ပြင်ဆင်မှု အခြေအနေများကိုလည်းကောင်း၊ ဝေသာလီအားကစားရုံ ပြင်ဆင်ဆောင်ရွက်နေမှု၊ ပွဲကြည့်စင် မွမ်းမံပြင်ဆင်နေမှု အခြေအနေများကိုလည်းကောင်း၊ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာဝတီမြို့နယ်အသင်း(ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ရက်က စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ကျွန်းတောကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယက ဗိုလ်မှူးချုပ်အေးစံ(ငြိမ်း)က စီမံထူးချွန် ဒုတိယဆင့် ချီးမြှင့်ခံရသော ဦးထွန်းကြည် [ညွှန်ကြားရေးမှူး တရားရုံးချုပ်(ရန်ကုန်) တရားမ တရားစီရင်ရေးဌာန] အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလွှာ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ယဉ်ကျေးမှုတက္ကသိုလ် (ပန်းချီပညာဌာန)
၇း၂၀	ဆရာကြီးဦးလွန်းကြွယ်၏ စိန်ရတုမွေးနေ့ပန်းချီပြပွဲ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	စံပြကျွန်းအထူးစိုက်ခင်း (ကြံခင်း)
၈း၂၅	ပြည်တွင်းသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	စီးပွားဖြစ် သစ်ခွစိုက်ကြရအောင်
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	အသည်းရောင်အသားဝါ (စီ)ပိုးတွေ့ရှိနေလျှင်
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	The Fourth Mandalay ICT Exhibition
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	စက်သုံးဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်ကို သုံးကြစို့
၁၀း၄၀	သွားမယ်၊ စားမယ် (Zephyr ကို သွားမယ်၊ အညာပဲထမင်းစားမယ်)
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅	အလွမ်းချိုချို (မျိုးစန္ဒီကျော်၊ ရန်ပိုင်စိုး၊ ဇင်မျိုး)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည် ဆင်းရွှေလီ အပိုင်း(၃)
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	ပန်းချီထဲမှာ အလှတစ်ပါး ကျောက်စီပန်းချီကား
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၈း၁၀	ပရီမီယာလိဂ်သုံးသပ်ချက်	5-Sports
၉း၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၉း၂၅	Everton-Man:City	5-Movies(Live)
	Birmingam-Arsenal	5-Sports(Live)
	Newcastle United-Portsmouth	5-Cartoons(Live)
၁၁း၄၀	Man:United-Fulham	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂း၀၀	Parma-Roma	5-Sports(Live)

ဖေဖော်ဝါရီ၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ၂ ရက်က အလက(၂)ကျောင်းတွင်ပြုလုပ်ရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြမြ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမြင့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

အောင်မင်းအောင်စေတီရွှေထီးတော်တင်လှူပူဇော်ပွဲ

မောင်ယဉ်မင်း

အရပ်လေးမျက်နှာ၌ ဂန္ဓကုဋိတိုက်လေးခု တိုးချဲ့ဆောက်လုပ်ပြီး ရုပ်ပွားတော်လေးဆူ ဖြည့်စွက်ပူဇော်။ ဘုရားဖူးပြည်သူများ လုံခြုံအေးချမ်းစွာ ဘုရားဖူး ကြည်ညိုနိုင်ရန် မဟာရံတံတိုင်း ကာရံခြင်း၊ ရင်ပြင်တော်တွင် နေပူခံကျောက်ပြားခင်းခြင်းတို့ဖြင့် တင့်တယ်ကြည်ညိုဖွယ် ဖူးတွေ့ပူဇော်နိုင်ရန် မွမ်းမံပြင်ဆင်ခဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အား ကိုလိုနီနယ်ချဲ့တို့က သိမ်းပိုက် ထားသော အချိန်ကာလတွင် ရွှေတိဂုံစေတီတော် တည်ထားပူဇော်ရာ သိင်္ဂုတ္တရကုန်းတော်ကြီးကိုပါ သိမ်းပိုက်ပြီး ခံတပ်ကြီးအဖြစ် အသုံးပြုခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီးကို ဘုရားဖူးပြည်သူများအား ဖူးမြော်ကြည်ညိုရန် ခွင့်ပြုထားသော်လည်း အနောက်ဘက်စောင်းတန်းကြီးအပါအဝင် ကုန်းတော်အနောက်

အနည်းငယ်တိမ်းစောင်းနေသော အောင်မင်းအောင်စေတီကို ၂၀၀၃ခုနှစ်တွင် ဖူးတွေ့ရစဉ်။

ဘက်အပိုင်းကို ပိတ်ထားခဲ့သည်။ စေတီတော် ဘဏ္ဍာတော်ထိန်း လူကြီးများနှင့် ဗုဒ္ဓဘာသာဝင်များ၏ အကြိမ်ကြိမ် ကြိုးစားဆောင်ရွက်မှုကြောင့် နယ်ချဲ့အင်္ဂလိပ်တို့က သက္ကရာဇ် ၁၂၉၁ ခုနှစ် (၁၉၃၀ ပြည့်နှစ်)တွင် အနောက်ဘက်မုခ်ကို ပြန်လည် လွှဲပြောင်းပေးခဲ့သဖြင့် ယင်းနှစ် တပေါင်းလဆန်း ၃ရက်နေ့တွင် အနောက်ဘက်စောင်းတန်း ဖွင့်ပွဲ အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် မဏ္ဍပ်ကြီးငယ်များ ဆောက်လုပ်ကာ သံဃာတော်အပါး ၄၀၀၀ ကျော်တို့ကို ပင့်လျှောက်လှူဒါန်းခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနား ကျင်းပပြီးနောက် ယာယီဆောက်လုပ်ထားသော မဏ္ဍပ်အချို့အား ရက်ပေါင်းများစွာ ဖျက်သိမ်းခြင်းမပြုဘဲ ထားရှိခဲ့ရာသက္ကရာဇ်၁၂၉၂ ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် ညနေ ၃နာရီ အချိန်တွင် အနောက်ဘက် အမှိုက်ပုံအား မီးလောင်ရာမှ အစပြုပြီး ဦးနာဂိန္ဒ မဏ္ဍပ်ကြီးကို မီးစွဲလောင်ကျွမ်းခဲ့သည်။ ထိုမဏ္ဍပ်မှ အနောက်ဘက် စောင်းတန်းကြီးကို မီးကူးလောင်ကျွမ်းပြီးနောက် ရင်ပြင်တော်ပေါ်ရှိ ဇရပ်၊ တန်ဆောင်းပေါင်း ၂၃ဆောင် မီးလောင်ပျက်စီးခဲ့ပါသည်။

စေတီတော် ဂေါပကအဖွဲ့နှင့် ရန်ကုန်မြို့နေ ဗုဒ္ဓဘာသာဝင်များသည် မီးလောင်ပျက်စီးသွားသော ဇရပ်၊ တန်ဆောင်းများအား ဖျက်သိမ်းရှင်းလင်း ဖယ်ရှားရာ၌ ရုပ်ပွားတော် အကျိုးအပဲ့ အပျက်အစီးများကို စေတီတော် အနောက်ဘက် အလယ်ပစ္စယံသို့ ပို့ဆောင်ထိန်းသိမ်း ထားခဲ့ပါသည်။ မီးလောင်ပျက်စီး သွားသော ဇရပ်၊ တန်ဆောင်းများ ဖျက်သိမ်းဖယ်ရှားခြင်း၊ ယာယီတန်ဆောင်းများ ဆောက်လုပ်ခြင်း၊ ပျက်စီးမှုနည်းသော ရုပ်ပွားတော်များကို အုတ်၊ အင်္ဂတေများဖြင့် တင့်တယ် အောင် မွမ်းမံခြင်းစသည်တို့ကို ဦးစားပေး ဆောင်ရွက်နေရသော ကြောင့် ရုပ်ပွားတော် အကျိုးအပဲ့ အပိုင်းအစများကိုဥပေက္ခာပြုထားရသည်။

ထိုကာလတွင် စေတီတော် ရင်ပြင်၌ အခြေပြုနေထိုင်သော သံဃာတော်များနှင့် လူပုဂ္ဂိုလ်များသည် မီးလောင်ပျက်စီးခဲ့သော ရုပ်ပွားတော် အကျိုးအပဲ့၊ စေတီတော် အပိုင်းအစများအား ကစဉ့်ကလျားမဖြစ်စေရန်၊ အမြင်တင့်တယ်စေရန် ညှိနှိုင်းတိုင်ပင်ပြီး အနောက်ဘက်အလယ်ပစ္စယံ၌ စေတီတစ်ဆူ တည်ထားပူဇော်ခဲ့ကြသည်။

ထိုစေတီတော်အား **“အောင်မင်းအောင်စေတီ”**ဟု လူသိများခဲ့သည်။

ထိုစေတီတော်သည် အမြင့်ရှစ်ပေ၊ လုံးပတ် ၂၃ ပေခန့်ရှိသော ဆလင်ဒါပုံ ကျောက်တောင်ထိပ်တွင် ဉာဏ်တော် ၁၈ပေရှိသော စေတီကြီးတစ်ဆူအား စေတီရံငယ် ရှစ်ဆူ ဝန်းရံကာ ကွန်ကရစ်ထီးတော်များ တင်လှူထားသည်။ ယခုအခါတွင် ရွှေတိဂုံစေတီတော် အနောက်ဘက် မဟာဗုဒ္ဓဝင်ပြခန်းကြီးရှေ့တွင် တည်ရှိသော စေတီဖြစ်သည်။

၁၉၇၆ ခုနှစ်မေလ ၂၃ ရက်နေ့တွင် ရွှေတိဂုံစေတီတော် အနောက်ဘက် အလယ်ပစ္စယံတွင် မြေပြိုနိမ့်ကျ ကျွံဝင်ခဲ့သော ဖြစ်စဉ်ကြီး တစ်ခု ဖြစ်ပွားခဲ့သည်။ မြေပြိုသောနေရာတွင် အိမ်ထောင်သည် မိသားစုများနေထိုင်ကြပြီး မြေအောက်တွင် ရေတိုက်လိုက်စားမှုကြောင့် မြေပြိုနိမ့်ကျခဲ့ခြင်း ဖြစ်သည်။

၁၉၇၆ခုနှစ် မေလ ၂၃ရက် မွန်းလွဲ ၁နာရီအချိန်တွင် မြေပြိုစဉ် တွေ့မြင်ခဲ့ရသော အောင်မင်းအောင်စေတီ။

ပြန်လည်တည့်မတ်ပြီး မွမ်းမံတည်ဆောက်ပြီးစီးသော အောင်မင်းအောင် စေတီ။

အနောက်ဘက် အလယ်ပစ္စယံ ကုန်းစောင်း၌ တည်ထားပူဇော်သော အောင်မင်းအောင်စေတီမှာ အနည်းငယ် ရွေ့လျားလျှောကျကာ အနောက်မြောက်အရပ်သို့ အနည်းငယ် တိမ်းစောင်းသွားခဲ့သည်။

မြေပြိုနိမ့်ကျသော နေရာအား ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာနနှင့် ဌာနဆိုင်ရာများမှ ပေါင်းစပ်ကူသိုလ်ယူကာ ကုန်းတော်ခိုင်ခံ့စေရန် စနစ်တကျ မြေဖို့မွမ်းမံခဲ့ပါသည်။

၁၉၉၅ခုနှစ်တွင်နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြုကာ ရွှေတိဂုံ စေတီတော်မြတ်ကြီးနှင့်တကွ အရံသာသနိက အဆောက်အအုံများစွာတို့အား ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်မှု လုပ်ငန်းများစွာကို ဆောင်ရွက်ခဲ့သည်။

ရွှေတိဂုံစေတီတော် ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးကော်မတီသည် ရင်ပြင်တော်နှင့် အလယ်ပစ္စယံရှိ သာသနိကအဆောက်အအုံများ ဘက်စုံ မွမ်းမံခြင်းမှသည် အောက် ပစ္စယံနှင့် ဝတ္တကမြေ တစ်ခုလုံးလွှမ်းခြုံကာ တင့်တယ် ကြည်ညိုဖွယ် ဖြစ်အောင် ဦးတည် ဆောင်ရွက်လျက်ရှိရာ ပြုပြင်မွမ်းမံ တည်ဆောက်မှုလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် အောင်မြင်ပြီးမြောက်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှစတင်ကာ တိမ်းစောင်း လျက်ရှိသော အောင်မင်းအောင် စေတီကို ဘက်စုံပြုပြင်မွမ်းမံတည် ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စေတီတော်ကို ဘက်စုံပြုပြင် မွမ်းမံရာ၌ ပထမဦးစွာ အခြေခံ အုတ်မြစ်ပေါ်သည်အထိ ပတ်လည် တူးဖော်ပြီးနောက် မြန်မာ့သင်္ဘော ကျင်းလုပ်ငန်း(ဆင်မလိုက်)၊ မြန်မာ့ မီးရထား၊ ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းတို့မှ ပညာရှင်များ ပေါင်းစုကာ စက်ယန္တရားများ သုံးစွဲပြီး တည့်မတ်အောင် စနစ်တကျ ဆောင်ရွက်ခဲ့ရသည်။ နှစ်ကာလ ကြာမြင့်နေပြီဖြစ်၍ အုတ်၊ အင်္ဂတေ များ ဆွေးမြည့်နေပြီဖြစ်သောကြောင့် ကိုယ်လုံးတော်အား သံကူကွန်ကရစ် လောင်းကာ ခိုင်မာအောင်ဆောင် ရွက်ပြီး နိမ့်ကျကျွံဝင်ခြင်းမရှိအောင် ပိုင်ရိုက်ခြင်း၊ ငါးပေထုခန့်ရှိသော သံကူကွန်ကရစ်ခံတိုင်း ပြုလုပ်ခြင်း တို့ဖြင့် နှစ်ပေါင်းများစွာ တည်တံ့ ခိုင်ခံ့စေရန် မွမ်းမံပြုပြင်ခဲ့ပါသည်။ ထို့ပြင်သာမက **အရပ်လေးမျက်နှာ၌ ဂန္ဓကုဋိတိုက်လေးခု တိုးချဲ့ဆောက် လုပ်ပြီး ရုပ်ပွားတော် လေးဆူ ဖြည့်စွက်ပူဇော်ခဲ့သည်။ ဘုရားဖူး ပြည်သူများ လုံခြုံအေးချမ်းစွာ ဘုရားဖူး ကြည်ညိုနိုင်ရန် မဟာ ရံတံတိုင်း ကာရံခြင်း၊ ရင်ပြင် တော်တွင် နေပူခံ ကျောက်ပြားခင်း ခြင်းတို့ဖြင့် တင့်တယ်ကြည်ညိုဖွယ် ဖူးတွေ့ပူဇော် နိုင်ရန် မွမ်းမံပြင်ဆင် ခဲ့**ပါသည်။ ရဟန်းရှင်လူ ပြည်သူ အပေါင်း စုပေါင်းလှူဒါန်းသော အလှူတော် ငွေကျပ် သိန်းပေါင်း ၂၅၀ကျော် ကျခံသုံးစွဲကာ ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်းများ အောင်မြင်စွာ ဆောင် ရွက်ခဲ့ပြီး ဖြစ်သည်။

၁၃၆၇ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (၅-၂-၂၀၀၆) တနင်္ဂနွေ နေ့တွင် ရွှေထီးတော်တင်လှူပွဲ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပွဲနှင့်တကွ ရေစက်ချလှူဒါန်း ပွဲများ ကျင်းပမည် ဖြစ်သည်။ အောင်မင်းအောင်စေတီ ဘက်စုံ ပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်း၌ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ စေတနာရှင်၊ ပညာရှင် များက ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာပြုနိုင်ရန် မော်ကွန်းပြု ဖော်ပြအပ်ပါသည်။ ။

4-2 (10).p65 1 3/31/1905, 11:30 PM

တနိုင်း၊ နန်းယွန်း၊ ပန်ဆောင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၅ရက်မွန်းလွဲပိုင်းက မြစ်ကြီးနား တနိုင်းမော်တော်ကားလမ်းနှင့်လမ်းပိုင်းရှိတံတားများအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး ကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် တနိုင်းမြို့သို့ ရောက်ရှိရာ မြို့ပေါ်ရပ်ကွက်များနှင့် ဆက်သွယ်ဖောက်လုပ်ထားသည့် မြို့တွင်းလမ်းများနှင့် ဌာနဆိုင်ရာရုံးများ၊ပညာရေးဆိုင်ရာ စာသင်ကျောင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တနိုင်း-မိုင်းခွန် ကျေးရွာချင်းဆက် ကျောက်ခင်းအမာခံလမ်း ဖောက်လုပ်ပြီးစီးမှု လုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ နမ့်ဖြတ် ကျေးရွာအနီး စိုက်ပျိုးထားသည့် ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူဧက၃၀ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် တနိုင်း-နန်းယွန်းကားလမ်းပိုင်း လမ်းတိုးချဲ့ဖောက်လုပ်နေမှုနှင့် လမ်းပိုင်းရှိ တံတားများ ကြံ့ခိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လမ်းဘေးဝဲယာမှ ချုံနွယ်ပိတ်ပေါင်းများ အလင်းဖွင့် ဆောင်ရွက်ရေးနှင့်ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျ ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

နန်းယွန်းမြို့

ယင်းနောက်တိုင်းမှူးသည်နန်းယွန်းမြို့သို့ ရောက်ရှိပြီး မြို့ပေါ်ရပ်ကွက်နှင့်လမ်းများ၊ စာသင်ကျောင်းနှင့် ဆေးရုံများ၊ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် စည်ပင်သာယာဈေး အဆောက်အအုံများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှု စစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ပန်ဆောင်မြို့အနီးရှိ အိန္ဒိယ-မြန်မာနယ်နိမိတ်နယ်စပ်ကျောက်တိုင်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် ပန်ဆောင်မြို့တွင်း ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက်တိုင်းမှူးသည် ပန်ဆောင်မြို့ ပညာရေးမြှင့်တင်မှု (ဓာတုကလျာ) အမျိုးသမီး စာသင်ဆောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍တာဝန်ခံဆရာမကြီးနှင့်ကျောင်းသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ပညာသင်ကြားရေးဆိုင်ရာ လိုအပ်သည်များကိုပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ပန်ဆောင်မြို့ နေမျိုးသူရဲခေါင်ခန်းမ၌ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများအားတွေ့ဆုံရာ ပန်ဆောင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ လူမှုရေးအသင်းအဖွဲ့များက လုပ်ငန်းကဏ္ဍလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက်တိုင်းမှူးသည် လောက်လိုင်ကျေးရွာသို့သွားရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ မှာကြား၍ ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ၊ ကျေးရွာ ရေအားလျှပ်စစ်တည်ဆောက်ရေးအတွက် ဘီလပ်မြေအိတ်၃၀ အိတ်တို့ကို ထောက်ပံ့ပေးအပ်သည်။

လက်ခံရယူ

ထို့နောက် နန်းယွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၊ မာဒီမိဒီယာ စာသင်ခန်းအတွက် လိုအပ်သည့် သင်ကြားရေးဆိုင်ရာပစ္စည်းများဝယ်ယူရန် ငွေကျပ်၁၀သိန်းကို တိုင်းမှူးကိုယ်စား ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်ကပေးအပ်ရာမြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးအေးလွင်က လက်ခံရယူ၍ နယ်မြေခံ တပ်နယ်အတွက် ထောက်ပံ့ငွေကျပ် ၁၀သိန်းကို တိုင်းမှူးကိုယ်စား နယ်မြေခံ တပ်ရင်းမှူးက ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီးနောက်တိုင်းမှူးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၈ရက်က ရွှေပြည်သာမြို့ အမှတ်(၁) သံလွင်လမ်း ၆/၁၀ ရပ်ကွက် ရွှေပြည်သာ ပရိယတ္တိ စာသင်တိုက် အတွင်းရှိနာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ ဖခင်ကြီး ဦးကျော်ခင်အား ရည်စူး၍ ထ/၁၆ရပ်ကွက်နေ ဦးသန်းမြင့်- ဒေါ်အမာစိန် တို့က ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမြတ်ဝေနှင့် ဒုတိယဥက္ကဋ္ဌ ဦးလှသိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က-ပ)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဖြူးမြို့နယ်အတွင်း နွေစပါးနှင့်ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးစိုက်ပျိုးဖြစ်ထွန်းမှု တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကြည့်ရှုစစ်ဆေး၊ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၃၀ရက် နံနက်ပိုင်းက ဖြူးမြို့နယ် ရေပြာကျေးရွာသို့ သွားရောက်၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသဝမ်းစာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေး အတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်တွင် တိုင်းမှူးအား ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က ၂၀၀၅-၂၀၀၆ခုနှစ်တွင် မိုးစပါး ၁၄၈၃၁၅ဧက စိုက်ပျိုးရိတ်သိမ်းပြီးစီးမှု၊ နွေစပါးဧက ၈၀၀၀ကျော်လျာထားစိုက်ပျိုးဆောင်ရွက်နေမှု၊ ပဲမျိုးစုံ ၈၈၇၀၄ဧကနှင့် နေကြာ ၈၁၉၈ဧကစိုက်ပျိုးနိုင်မှု၊ မြို့နယ်အတွင်းကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်း ၂၇၀၀၀၀ ကျော် ပျိုးထောင်ထားရှိနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးက နွေစပါးသတ်မှတ်ရာသီချိန်အတွင်း လျာထားချက် ပြည့်မီအောင် စိုက်ပျိုးရေးနှင့် ကျေးရွာအုပ်စုအလိုက် ကြက်ဆူပင်ပျိုးဥယျာဉ်ထားရှိ ဆောင်ရွက်ရေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူဦးမောင်မောင်၏ လယ်မြေ၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော နွေစပါးနှင့် ဆီထွက်သီးနှံပဲအမျိုးမျိုး စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြက်ဆူစေ့များဝေငှပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖြူးမြို့နယ် လူငယ်အားမာန် စိုက်ပျိုးရေးနှင့်လုပ်ငန်းစုသမဝါယမအသင်းလီမိတက်ဝင်းအတွင်း ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက်၍ ကြက်ဆူစေ့များကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့်လူမှုရေးအသင်းအဖွဲ့များအား ဝေငှပေးအပ်သည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကြက်ဆူမျိုးစေ့များနှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ကြက်ဆူပင်မျိုးစေ့ ၁၂၀၀၀၀နှင့် မျိုးကိုင်း ၅၀၀၀၀ကျော်တို့အား တပျော်တပါး စုပေါင်းပျိုးထောင်နေမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။

ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံ

ထို့နောက် တိုင်းမှူးသည် ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအဆောက်အအုံအကွက်ချပုံစံနှင့် ဆေးရုံဝင်းအတွင်းရှိ ဖျားနာကုသဆောင်၊ သားဖွားဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နံနက် ၁၁နာရီတွင် တိုင်းမှူးသည် ဖြူးမြို့နယ် စည်ပင်သာယာရေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဝမ်းစာဖူလုံရေး၊ ဒေသတွင်းကြက်ဆူပင်လျာထားဧကပြည့်မီအောင်စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ လက်တွဲ၍ တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၉၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တောင်ပေါ်သားတို့ ပြည်ထောင်စုဒိုင်းချိန်ရွယ်ပြီ ရောတိုင်းသားတို့နှင့်ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပဲခူးတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပထမအဆင့် အုပ်စု ပွဲစဉ်၌ ဆုံတွေ့ခဲ့ကြသော နှစ်သင်းကို အကြိုဗိုလ်လုပွဲစဉ်၌ ပြန်လည်ဆုံတွေ့ခြင်းဖြစ်ရာ တစ်ဦး၏ခြေကို တစ်ဦးက သိထားပြီးဖြစ်၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားကြသည်။ ပထမအဆင့် အုပ်စုပွဲစဉ်၌ ဆုံတွေ့စဉ်က ပဲခူးတိုင်း အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ယနေ့ပွဲစဉ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက ရှုံးကြွေးဆပ်ပြီး ဗိုလ်လုပွဲသို့ ထိုက်ထိုက်

ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအုပ်ချုပ်သူ ဦးခင်မောင်စိန်က ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

တန်တန် တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ပွဲအစပိုင်း၌ ပဲခူးတိုင်းအသင်းက အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားနေ၍ ခြေသာသယောင် ရှိသော်လည်း ပွဲချိန် ၁၅မိနစ်နောက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက ကစားအား မြှင့်တင်ခဲ့ရာ ပဲခူးတိုင်းအသင်းကစားကွက် ပျက်သွားခဲ့ရသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၉မိနစ်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် အမြောက်ကန်ပို့လိုက်သော ဘောလုံးကို အသင်းခေါင်းဆောင် ထွန်းဝင်းက ပဲခူးတိုင်းအသင်းမှ ဂိုးသမားရှေ့သို့ ပြေးထွက်လာစဉ် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်ဆင်

ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက ဦးဆောင်ဂိုး ရရှိပြီးနောက် အဆက်မပြတ် ထိုးဖောက်ကစားရာ ပဲခူးတိုင်း အသင်းက တန်ပြန်တိုက်စစ်သာ ကစားနေရသည်။ အထူးသဖြင့် ပဲခူးတိုင်းအသင်း အလယ်တန်း၌ ဘောလုံးကိုင်ကစားမည့် သူမရှိဘဲဖြစ်နေရာ အလယ်တန်း၏ ပံ့ပိုးမှု မကောင်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနောက်တန်းကို ထိထိရောက်ရောက် ထိုးဖောက်နိုင်စွမ်း မရှိဘဲ ဖြစ်ခဲ့ရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက ပရိသတ်အားပေးမှုနှင့် အတူလျှင်လျှင်မြန်မြန် ထိုးဖောက်ကစားရာ ဒုတိယဂိုးထပ်မံရရှိခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၄၁မိနစ်တွင် ရှေ့တန်းလူများအပေးအယူ လုပ်ကစားရင်း တိုက်စစ်မှူးထက်အောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့ရာ ဗိုလ်လုပွဲတက်ရန် မျှော်လင့်ချက် မြင့်မားခဲ့ရသည်။

တိုက်စစ်ဆင်ကစား

ဒုတိယပိုင်းတွင် ပဲခူးတိုင်းအသင်းက အရှုံးဂိုးချေပနိုင်ရေးအတွက် ကစားသမားများလဲလှယ်၍ ကစားရာ ကစားကွက် မိလာခဲ့သည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက ဂိုးသွင်းခွင့်များ ထပ်မံရရှိသော်လည်း ဂိုးသွင်းမပိုင်၍ ဂိုးထပ်မရခဲ့ချေ။ ပဲခူးတိုင်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကို လူစားဝင်လာသည့် ရာဇာထွန်းက ပွဲချိန် ၇၇မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် တိုက်ရိုက်ကန်သွင်းယူသည်။ ပဲခူးတိုင်းအသင်းက ဒုတိယချေပဂိုး ရရှိရေးအတွက် တစ်သင်းလုံး ရှေ့တက်၍ ဖိကစားသော်လည်း ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းက ကြံ့ကြံ့ခံ ကစားပြီး အခွင့်အရေးရလျှင် တန်ပြန်တိုက်စစ်ဆင်ကစားရာ

ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနည်းပြဆရာ ဦးခင်မောင်သန်းက မြန်မာ့အလင်းသို့ ပြောကြားစဉ်။ (မြန်မာ့အလင်း)

ပွဲအပြီးတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း ဗိုလ်လုပွဲ တက်ရောက်ကာ ပြည်ထောင်စုဒိုင်းကြီးကို ချိန်ရွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပေးအပ်ချီးမြှင့်

ပွဲအပြီးတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဆုရရှိသွားသော ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းမှ အသင်းခေါင်းဆောင် ထွန်းဝင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးအေးမောင်ကြီးက ငွေကျပ် ၁၀၀၀၀ ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးတွင် ဗိုလ်လုပွဲသို့ တက်ရောက်သွားသော ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှ တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်း အုပ်ချုပ်သူ ဦးခင်မောင်စိန်အား မေးမြန်းရာ ပြီးခဲ့သည့်နှစ်ပြည်ထောင်စုဒိုင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ပြီဖြစ်၍ မိမိတို့နောင်တော်များထက် ပိုမိုအောင်မြင်မှုရရှိရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ယမန်နှစ်က ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုလာမည့် ဗိုလ်လုပွဲ၌ အနိုင်ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲကျင်းပမည့် ဖေဖော်ဝါရီ၇ရက်နေ့သည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုကာလဖြစ်ကြောင်း၊ ယင်းနေ့၌ ဗိုလ်လုပွဲကစားရမည်ဖြစ်၍ အားကစားသမားများ အထူးပင်စိတ်အားတက်ကြွပြီး ပြည်ထောင်စုဒိုင်းကြီးကို အရယူသွား မည်ဖြစ်ကြောင်း၊ မိမိတို့ယခုကဲ့သို့ အောင်မြင်မှု ရရှိရေးအတွက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးကူညီမှုများပေးခဲ့ကြောင်း၊ ကမ္ဘောဇဘဏ်လီမိတက်နှင့် အဘက်ဘက်မှ ဝိုင်းဝန်းအားပေးကြသည့် ပရိသတ်များကို ကျေးဇူးတင်ပါကြောင်း၊ စခန်းသွင်းလေ့ကျင့်မှု ၂၅ ရက်ခန့်ရရှိပြီး လူဟောင်းခုနစ်ဦးနှင့် လူငယ် လူသစ်များကို ပူးပေါင်းဖွဲ့စည်းထားကြောင်း၊ ယနေ့ပွဲတွင် ပထမပိုင်း၌ ဖိကစားနိုင်ခဲ့ပြီး ဒုတိယပိုင်း၌ ဂိုးမပေးရရေး အဓိကထား ကစားခဲ့၍ ဂိုး အရနည်းခဲ့ခြင်း ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

ကြိုးစားယှဉ်ပြိုင်

ဆက်လက်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနည်းပြဆရာ ဦးခင်မောင်သန်းအား မေးမြန်းရာ မိမိတို့ကစားသမားများ ဂိုးသွင်းသေချာမှု မရှိ၍ ဂိုးအရနည်းခဲ့ရကြောင်း၊ ဂိုးသွင်းသေချာပါက ယခုထက်ဂိုးပိုရနိုင်ပြီး စိတ်ပူပန်နေစရာပင်မလိုကြောင်း၊ မိမိတို့အနေဖြင့် ၄-၂-၁-၃ ပုံစံကစားကွက်ဖြင့် လူနေရာချထားပြီး ကစားခဲ့ကြောင်း၊လေ့ကျင့်ထားမှုအနေအထားကို အပြည့်အဝ မရသေးကြောင်း အထူးသဖြင့် နောက်တန်း ခံစစ်ကြောင်းမှာ တစ်ချက်တစ်ချက် ဟာကွက်များ ရှိခဲ့ကြောင်း၊ ပဲခူးတိုင်းအသင်း ကစားပုံ ကောင်းပါကြောင်း၊ အုပ်စုပွဲစဉ်၌ မိမိတို့ ရှုံးခဲ့သော်လည်း တစ်ချိန်လုံး ဖိကစားထားပြီးမှ တစ်ဂိုးအသွင်းခံရကာ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲမစတင်မီ ရန်ကုန်မြို့၌ ဘဏ္ဍာ/အခွန် လူငယ်အသင်း၊ ဆောက်လုပ်ရေးအသင်းတို့နှင့် ခြေစမ်းကစားခဲ့ကြောင်း၊ ဗိုလ်လုပွဲ၌နှစ်သင်းစလုံး အခွင့်အရေးဆတူရှိပါကြောင်း၊ ဧရာဝတီတိုင်းအသင်းသည် အသင်းကောင်း တစ်သင်းဖြစ်၍ အကြိတ်အနယ် ရှိမည်ဖြစ်ကြောင်း၊ ကစားသမားများ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ပွဲပယ်ခံရသူများရှိကြောင်း မည်သို့ပင်ဖြစ်စေ အနိုင်ရရှိရေးအတွက် အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသော ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းအား အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၁ရက်က ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံ မွမ်းမံပြန်လည်တည်ဆောက်ရေးအတွက် ကွယ်လွန်သူ သားငယ် မောင်ဝင်းသိန်းအား ရည်စူး၍ အလှူရှင် ဦးကြည်-ဒေါ်ခင်ဝင်းမေ မိသားစု အမှတ် ၁၀၀၊ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ်မှ စေတီတော်မြတ်ကြီးအတွက် ရွှေစင်ရွှေသားတစ်ကျပ်သား ကိုးလက်မပတ်လည် တစ်ချပ်အတွက် ငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဟော်ကီနည်းပြဆရာသင်တန်းဖွင့်ပွဲသို့တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက်၁၀နာရီခွဲတွင်အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၌ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ဟော်ကီနည်းပြဆရာသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြား သည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး FIHမှ အဆင့်(၁) နည်းပြ Mr. K.M. Awais က သင်တန်းပို့ချခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူငွေနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ Danar Management Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်မာမာလွင်နှင့် ဒါရိုက်တာ ဦးမျိုးဝင်းတို့က သင်တန်း အသုံးစရိတ်အတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကိုလည်းကောင်း၊ MTM ကုမ္ပဏီမှ သင်တန်းသား ဝတ်စုံ ၂၀ကိုလည်းကောင်း၊ Pedrollo ကုမ္ပဏီမှ ဦးလှမြင့်က သင်တန်းသား ဝတ်စုံ ၁၀စုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကလက်ခံသည်။

ယင်းနောက် FIHမှ အဆင့်(၁) နည်းပြ Mr. K.M. Awais နှင့် FIH ဟော်ကီ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်ဦးကျော်နိုင်တို့က ဟော်ကီတုတ်တံနှင့် ဂိုးဝတ်စုံကို ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သို့ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် မျိုးမြင့်က FIHမှအဆင့်(၁)နည်းပြ Mr. K.M. Awais အားရွှေးသိပ်ဝတ်စုံနှင့် အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် FIH မှ အဆင့်(၁) နည်းပြ Mr. K. M. Awais က ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဗိုလ်မှူးချုပ်မျိုးမြင့်နှင့် FIH ဟော်ကီ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးကျော်နိုင်တို့အား အမှတ်တရ လက်ဆောင်များကို ပေးအပ်သည်။ **(သတင်းစဉ်)**

ဗိုလ်လုပွဲ

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို **ဖေဖော်ဝါရီ ၇ ရက် ညနေ ၃နာရီတွင် လူငယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း**၌ ကျင်းပမည်ဖြစ်ရာ ဧရာဝတီတိုင်း အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

တတိယလုပွဲ

ဖေဖော်ဝါရီ ၅ရက် ညနေ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တတိယနေရာလုပွဲအဖြစ် မန္တလေးတိုင်း အသင်းနှင့် ပဲခူးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စိန်ပန်းသိမ်ကျောင်း ရေစက်ချအထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

လှိုင်မြို့နယ်(၁၄)ရပ်ကွက် မြနန္ဒာအိမ်ရာရှိ မိုးကုတ်ဝိသုဒ္ဓါရာမ စိန်ပန်းဆရာတော်ကျောင်း ကျောင်းတော် သိမ်တော် ရေစက်ချပွဲနှင့် ဓမ္မပူဇာတရားပွဲများကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၈ရက် ပလ္လင်ဖွင့်ပွဲ ည၇နာရီ၊ (နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဩဝါဒါစရိယ) ပဏ္ဍိတာရာမ စာသင်တိုက်ကြီး၏ ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ ဆရာတော်မြတ်ထံမှ ပလ္လင်ဖွင့်ဩဝါဒ တရားနာယူပြီး ရွှေလင်းယုန် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရစိန္ဒာဘိဝံသ၊ ၉ရက် အရှင်တေစိန္ဒဓမ္မာစရိယ ပဋိပတ္တိသာသနာပြုနယ်လှည့် ဓမ္မကထိက(ကမာရွတ် ရွာမပရိယတ္တိ စာသင်တိုက်)၊ ၁၀ရက် ဆရာတော် ဦးဇာဂရ (ဓမ္မာစရိယ) သုစိတ္တာရုံ ပရိယတ္တိ စာသင်တိုက် ကမာရွတ် လှည်းတန်း၊ ၁၁ရက် ဦးဓမ္မသာရ မိုးကုတ် ဝိပဿနာ ကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယဇမ္ဗူအေးကျောင်းတိုက် မြောက်ဥက္ကလာပ၊ ၁၂ရက် ပန်းတစ်ပွင့်တောင် ဆရာတော် ဘဒ္ဒန္တပညာသာရ သဒ္ဓမ္မဇောတိကဓဇ မော်ဘီမြို့နယ်တို့က နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ညစဉ်၇နာရီမှစ၍ ဟောကြားမည်ဖြစ်သဖြင့် အချိန်မီ ကြွရောက်ကြရန် စိန်ပန်းကျောင်း သာသနာ့အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(ဝ၄၆)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာရှစ် အကြိတ်အနယ်ပွဲများ ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်

လန်ဒန် ဖေဖော်ဝါရီ ၃

အင်္ဂလိပ်ပရီမီယာရှစ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၅)ပွဲစဉ်များကို ဖေဖော်ဝါရီ ၄ ရက် (ယနေ့)တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုနေ့ ညနေပွဲစဉ်များတွင် ဘာမင်ဂမ်နှင့်အာဆင်နယ်၊ ဘော်လ်တန်နှင့် ဝီဂန်၊ နယူးကာဆယ်နှင့် ပို့စ်မောက်၊ အယ်ဗာတန်နှင့်မန်စီးတီး၊ ဝက်စ်ဘရွန်းနှင့်ဘလက်ဘန်း၊ ဝက်စ်ဟမ်းနှင့် ဆန်းဒါးလန်း၊ မန်ယူနှင့်ဖူဟမ်၊ မစ်ဒယ်ဘရော့နှင့် အက်စ်တွန်ဗီလာတို့ ယှဉ်ပြိုင် ကစားကြပုံများကို ပရီမီယာရှစ် ဘောလုံးချစ်သူများ ကြည့်ရှုကြရမည်ဖြစ်သည်။

ဘာမင်ဂမ်နှင့် အာဆင်နယ်ပွဲသည် ဘောလုံးပရိသတ်များ အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်းဖြစ်လာလိမ့်မည်ဖြစ်သည်။ ဘာမင်ဂမ်အသင်းသည် ပြီးခဲ့သည့် ပွဲစဉ်တွင် ထိပ်ဆုံးသုံးသင်းဝင် လီဗာပူးအသင်းကို တစ်ဂိုးစီ သရေကစားနိုင်သည့် အသင်းဖြစ်သည်။ ထိုနည်းတူစွာပင် အာဆင်နယ်အသင်းသည် ၎င်း၏ သဘာဝအရသော်လည်းကောင်း၊ ပြီးခဲ့သော ပွဲစဉ်က ဝက်စ်ဟမ်းအသင်းကို ရှုံးထား၍ ရှုံးကြွေးဆပ်ရန်လည်းကောင်း ခြေစွမ်းပြ ကစားလိမ့်မည်ဖြစ်သည်။

သို့ရာတွင် ယင်းပွဲစဉ်၌ အာဆင်နယ်အသင်း အနိုင်ရလိမ့်မည်ဟု ခန့်မှန်းရသည်။ အာဆင်နယ်အသင်းသည် လက်ရှိအနေအထားအရ နံပါတ်(၆)တွင် ရောက်နေပြီး ဘာမင်ဂမ်က အောက်ဆုံး သုံးသင်း၌ ရောက်ရှိနေသည်။

ဘော်လ်တန်နှင့်ဝီဂန်

ဘော်လ်တန်နှင့် ဝီဂန်ပွဲသည် ကြည့်ကောင်းမည့် အနေအထားရှိသည်။ နှစ်သင်းစလုံး ခြေရည်တူ ကစားနိုင်မည့်ပွဲဖြစ်သည်။ ထိပ်ပိုင်း ၁၀ သင်း စာရင်းဝင် အသင်းများလည်း ဖြစ်ကြသည်။

ဘော်လ်တန်အသင်းသည် ပြီးခဲ့သော ပွဲစဉ်တွင် ပို့စ်မောက်အသင်းကို တစ်ဂိုးစီ သရေကစားခဲ့သည်။ ယခုပွဲစဉ်တွင် အိမ်ကွင်း ကစားရမည်ဖြစ်၍ ဘော်လ်တန်သည် သရေသို့မဟုတ် အနိုင်ရနိုင်ချေရှိသည်။

နယူးကာဆယ်နှင့်ပို့စ်မောက်

နယူးကာဆယ်နှင့် ပို့စ်မောက်ပွဲစဉ် သည်လည်း ခြေရည်တူရှိသည့် အသင်းများ ဖြစ်ကြသည်။ ပြီးခဲ့သော ပွဲစဉ်တွင် နယူးကာဆယ်တို့ မန်စီးတီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။ ယင်းရလဒ်ကြောင့် ကစားထားသည့်အသင်း ဖြစ်လာသည်။ ဝီဂန်နှင့်ပွဲစဉ်တွင်လည်း အယ်ဗာတန်တို့ သရေကစားနိုင်သည့် အနေအထားရောက်လာသည်။

ခြေစွမ်းပြ

ထို့အတူ မန်စီးတီးအသင်းသည်လည်း ပြီးခဲ့သော ပွဲစဉ်တွင် နယူးကာဆယ်အသင်းကိုပင် သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်သွင်းကာ ခြေစွမ်းပြကစားသွားခဲ့သည်။

ဘာမင်ဂမ်အသင်းနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားရာတွင် ဘာမင်ဂမ်အသင်းမှ ဒါဗီယမ်ဂျွန်ဆင်၏ ထိုးဖောက်မှုကို လီဗာပူးမှ ဒန်နီရယ်အဂ္ဂါက ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးကာဆယ် မန်နေဂျာ ဆောင်းနက်စ် အလုပ်ပြုတ်ခဲ့ရသည်။ သို့ရာတွင် နယူးကာဆယ်အသင်းသည် ပို့စ်မောက်နှင့် ယှဉ်ပြိုင်ကစားမည့်ပွဲတွင် အကောင်းဆုံး အဖြေတစ်ခု ရှာဖွေနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

အယ်ဗာတန်နှင့်မန်စီးတီး

အယ်ဗာတန်နှင့် မန်စီးတီးပွဲသည်လည်း အကြိတ်အနယ်ပွဲ ဖြစ်လာနိုင်သည်။ အယ်ဗာတန်အသင်းသည် လွန်ခဲ့သော သီတင်းပတ်ကျော်က အာဆင်နယ်ကဲ့သို့ အသင်းကြီးကို အနိုင်ကစားထားသည့်အသင်း ဖြစ်လာသည်။ ...

သို့ရာတွင် အယ်ဗာတန်နှင့်မန်စီးတီးတို့သည် အပြန်အလှန် ထိုးဖောက်ယှဉ်ပြိုင်ကစားမည့် အကြိတ်အနယ်ပွဲဖြစ်လာမည်ဖြစ်သည်။

ဝက်စ်ဘရွန်းနှင့်ဘလက်ဘန်း

ဝက်စ်ဘရွန်းနှင့်ဘလက်ဘန်းပွဲတွင် ဘလက်ဘန်းအသင်းက ခြေစွမ်းပိုပြကစားနိုင်လိမ့်မည် ဖြစ်သည်။ ဘလက်ဘန်းအသင်းသည် နောက်တန်း၊ အလယ်တန်းနှင့် ရှေ့တန်းအတွဲညီစွာဖြင့် ထိုးဖောက်ကစားနိုင်သည့် တောင့်တင်းခိုင်မာသော အသင်းတစ်သင်းဖြစ်သည်။ သို့ရာတွင် ဝက်စ်ဘရွန်း၏ အိမ်ကွင်း၌ အလွယ်တကူ အနိုင်ရလိမ့်မည် မဟုတ်ပါချေ။

မန်ယူနှင့်ဖူဟမ်

မန်ယူနှင့်ဖူဟမ်ပွဲသည် ဘောလုံးပရိသတ်များ အထူးစိတ်ဝင်တစားစောင့်ကြည့်ရမည့် ပွဲကောင်းဖြစ်သည်။ မန်ယူသည် ယခင်ပွဲစဉ်က ဘလက်ဘန်းအသင်းကို ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကို ဖူဟမ်အသင်းနှင့် အိမ်ကွင်း၌ ကစားရာတွင် ပြန်လည် သိက္ခာဆယ်လိမ့်မည် ဖြစ်သည်။ မန်ချက်စတာယူနိုက်တက် အသင်းသည် ထိပ်ဆုံးရောက် ချယ်လ်ဆီးနောက်မှ ဒုတိယလိုက်နေသည်ဆိုသော်လည်း ၁၅ မှတ်ပင် ကွာခြားနေပြီဖြစ်သည်။

အထူးသဖြင့် မန်ယူအသင်းသည် ချယ်လ်ဆီးအသင်းက သရေပွဲကြုံနေချိန်တွင် မန်ယူက အခြားအသင်းကို အနိုင်ရအောင် မကစားခဲ့၍ အမှတ်ကွာဟမှု ပို၍ များလာခဲ့ရသည်။

မစ်ဒယ်ဘရော့နှင့်အက်စ်တွန်ဗီလာ

မစ်ဒယ်ဘရော့အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ပွဲစဉ်တွင် ခြေရည်တူ ကစားမည့် ပွဲတစ်ပွဲဖြစ်သည်။ သို့ရာတွင် အက်စ်တွန်ဗီလာအသင်းသည် ပြီးခဲ့သော ပွဲက ချယ်လ်ဆီးအသင်းကိုပင် တစ်ဂိုးစီ သရေကစားနိုင်လာသည့် အသင်းဖြစ်သည်။

သို့ရာတွင် မစ်ဒယ်ဘရော့အသင်းသည်လည်း အက်စ်တွန်ဗီလာအသင်းနှင့် ယခုပွဲတွင် အိမ်ကွင်းအသာဖြင့် ခြေစွမ်းပြနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ **(အင်တာနက်)**

မန်နေဂျာ ဂရမ်မီ ဆောင်းနက်စ် နယူးကာဆယ်ကို ကျောခိုင်းရပြီ

လန်ဒန် ဖေဖော်ဝါရီ ၃

နယူးကာဆယ် အသင်းမန်နေဂျာ ဂရမ်မီ ဆောင်းနက်စ်အား နယူးကာဆယ်အသင်း ဥက္ကဋ္ဌ ဖရက်ဒီရှက်ဟတ်က မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ရာထူးမှ ထုတ်ပယ်လိုက်သည်။

ဂရမ်မီဆောင်းနက်စ် **(ယာပုံ)** သည် ပရီမီယားရှစ် ဘောလုံးပြိုင်ပွဲ ခြောက်ပွဲ ကစားရာတွင် တစ်မှတ်သာ အနိုင်ရအောင် နည်းပြပေးနိုင်ခဲ့သည်။ နယူးကာဆယ်အသင်းမှာ ယင်းကဲ့သို့ ရှုံးပွဲများနှင့် သရေပွဲများဖြစ်ခဲ့၍ တန်းဆင်းဇုန်၏ နံပါတ် ၆ နေရာတွင် ရောက်ရှိသွားခဲ့သည်။

အသက် (၅၂)နှစ်အရွယ်ရှိပြီဖြစ်သော မန်နေဂျာ ဆောင်းနက်စ်သည် ဘော်ဘီရော့ဘ်ဆင် နုတ်ထွက်သွားပြီးနောက် ၂၀၀၄ ခုနှစ် စက်တင်ဘာလက နယူးကာဆယ်မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

နယူးကာဆယ်အသင်းအား ၎င်းတာဝန်ယူပြီးနောက် နယူးကာဆယ်အသင်းမှာ ကိုးပွဲဆက်တိုက် ရှုံးပွဲမရှိ အနိုင်ကစားနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ချယ်လ်ဆီးအား အက်ဖ်အေဖလားမှ ထွက်သွားအောင် ကစားခဲ့သည့်ပွဲ အပါအဝင် ရှစ်ပွဲဆက်တိုက် အနိုင်ကစားနိုင်ခဲ့သည်။ ၎င်းတာဝန်ယူစဉ်ကာလအတွင်း ၈၃ ပွဲကစားရာတွင် ၃၆ ပွဲသာ အနိုင်ကစားနိုင်ခဲ့သည်။

ယင်းကဲ့သို့ အလုပ်ထုတ်ခံရ၍ မန်နေဂျာ ဆောင်းနက်စ် စိတ်မချမ်းမသာဖြင့် အလုပ်မှ ထွက်သွားရသည်ဟုဆိုသည်။ ၎င်း၏နေရာတွင် လောလောဆယ် ဂလင်းန်ရိုဒါနှင့် အလန်ရှီးယားတို့က ဆက်လက်တာဝန်ယူဖွယ်ရှိသည်။

အသက်(၃၅)နှစ်အရွယ်ရှိ အလန်ရှီးယားသည် မန်နေဂျာဂလင်းန်ရိုဒါ၏ လက်ထောက်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ထိပ်တန်းနေရာကို လျှောက်ထားရန် ကနဦးက အစီအစဉ်မရှိခဲ့ကြောင်း အလန်ရှီးယားက ပြောဆိုသည်။ **(အင်တာနက်)**

ပစိဖိတ်အိုးပင်းတင်းနစ်ယှဉ်ပြိုင် လက်ရှိချန်ပီယံ ရှာရာပိုဗာ အကြိုဗိုလ်လုပွဲတက်ပြီ

တိုကျို ဖေဖော်ဝါရီ ၃

ပစိဖိတ် အရှေ့ဖျား အိုးပင်း တင်းနစ်ပြိုင်ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာကျော် တင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။ အဓိကပြိုင်ဘက်များမှာ ရုရှားမှ မာရီယာရှာရာပိုဗာနှင့် သုံးနှစ်ကြာ အမျိုးသမီးတင်းနစ်လောကမှ အနားယူပြီး ပြန်လည်ကစားခဲ့သည့် မာတီနာဟင်းဂစ်တို့ဖြစ်သည်။

ရုရှားမှ မာရီယာရှာရာပိုဗာ သြစတြေးလျမှ ဆန်မန်သာအား အနိုင်ရပြီး အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မာရီယာရှာရာပိုဗာသည် ၂၀၀၅ ခုနှစ်က ကမ္ဘာ့နံပါတ်တစ်နေရာကို ရောက်ရှိခဲ့သူဖြစ်သည်။သူမသည် ပခုံးဒဏ်ရာ ရထား၍ ၂၀၀၅ ခုနှစ်နှောင်းပိုင်းက ပြိုင်ပွဲများတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၄)သို့ လျော့ကျလာခဲ့ရသည်။

အသက်(၁၈)နှစ်သာရှိသေးသည့်သည့်ရှာရာပိုဗာသည် ယခု ယှဉ်ပြိုင်ကစားသည့် ကွာတားဖိုင်နယ်တွင် သြစတြေးလျမှ ဆမ်မန်သာကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ သူမသည် ဆမ်မန်သာအား ၆-၁၊ ၆-၄ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှာရာပိုဗာသည် အဆိုပါ ပြိုင်ပွဲ၏ ထိပ်တန်း တင်းနစ်မယ်ဖြစ်သကဲ့သို့ လက်ရှိ ချန်ပီယံလည်း ဖြစ်သည်။ သူမသည် အကြိုဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသူ ဆူမာရီယာ ကီရီလင်ကို သို့မဟုတ် မာတီနာဟင်းဂစ်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံလိမ့်မည်။

ဆွစ်ဇာလန်သူ မာတီနာဟင်းဂစ်သည် ၂၀၀၂ ခုနှစ်ဝန်းကျင်က ကမ္ဘာ့နံပါတ်(၁)အဆင့်သို့ ရောက်ရှိခဲ့သည့် တင်းနစ်အကျော်အမော်ဖြစ်သည်။ သူမသည် ၁၉၉၇ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်က အဆိုပါပြိုင်ပွဲ၏ ချန်ပီယံဖြစ်ခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် ယခုနှစ်အစ၌ ဆစ်ဒနီအိုးပင်းပြိုင်ပွဲနှင့် သြစတြေးလျ အိုးပင်းပြိုင်ပွဲများတွင် ပြန်လည် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးတင်းနစ်ကမ္ဘာ့အဆင့် သတ်မှတ်ချက်

၁။ ဒေဗင်ပို့တ်(အမေရိကန်)
၂။ ကင်ကလိုက်စတားစ်(ဘယ်လ်ဂျီယံ)
၃။ မော်ရက်စမို(ပြင်သစ်)
၄။ ရှာရာပိုဗာ(ရုရှား)
၅။ မေရီပီးယာ့စ်(ပြင်သစ်)
၆။ ဟီနင်ဟာဒင်း(ဘယ်လ်ဂျီယံ)
၇။ ရှနိုင်ဒါ(ဆွစ်ဇာလန်)
၈။ ဒီမင်တီဗာ(ရုရှား)
၉။ ပီထရိုဗာ(ရုရှား)
၁၀။ ဗီးနပ်စ်ဝီလျံ(အမေရိကန်)

(အင်တာနက်)

ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း အမှတ် ၃၀ နေ စတီရီယိုတေးသံရှင် ဒေါ်ဖြူသီ၊ စတီရီယိုတေးသံရှင် သမီး မို့မို့နှင့် မိသားစုများက ဒဂုံမြို့သစ် (အရှေ့ပိုင်းမြို့နယ်) အမှတ်(၂) လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံရယူစဉ်။ (က-ပ)

သာယာဝတီ အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

သာယာဝတီမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အေဘီအမ်)၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်ကြားပေးခဲ့သော အသက်(၆၀)အထက် ဆရာ ဆရာမကြီးများ ဆက်သွယ်ပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဆရာကြီးဦးစောလယ်ဝါး ဖုန်း-၆၄၀၀၈၄၊ ဒေါ်စုစုခိုင် ဖုန်း-၅၄၁၇၉၁၊ ဦးသက်မော်ဦး ဖုန်း-၂၉၂၈၂၈၊ ဦးလေးလွင်(ကိုမောင်ပု) ဖုန်း-၅၈၁၂၃၈ နှင့် သာယာဝတီမြို့တွင် ဦးစံသိန်း၊ ကျောင်းအုပ်ဆရာကြီး အထက(၂) သာယာဝတီ ဖုန်း-၀၅၅-၃၀၀၅၀၊ ဦးတုတု ဖုန်း-၀၅၅-၃၀၃၀၆၊ ဦးကျော်ကျော်ဦး ဖုန်း-၀၅၅-၃၀၃၂၇၊ ဒေါ်သန်းသန်းချို ကျောင်းစုလမ်းနှင့် ဒေါ်အယ်ဗလင်းသန်း တိုက်ကျောင်းလမ်းသာယာဝတီမြို့တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မီးသုံးစွဲလျှင်
အသိယှဉ်
အစဉ်သတိ အမြဲရှိ

မတ္တရာမြို့နယ် ကြက်ဆူပင်နှင့် နှမ်းစပါးစိုက်ပျိုးရေးညှိနှိုင်းစည်းဝေး

မတ္တရာ ဇန်နဝါရီ ၂၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအောင်မွန်သည် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဇန်နဝါရီ၁၄ရက် နံနက်၇နာရီက ကြက်ဆူပင်နှင့် နှမ်းစပါးစိုက်ပျိုးရေးကို ညှိနှိုင်းဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက မြို့နယ်တွင်း ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှု၊ မိုးစပါးရိတ်သိမ်းပြီးစီးမှု၊ နှမ်းစပါး စိုက်ပျိုးမှု ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးစိုက်ဧက ပြည့်မီရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့နယ်စီမံကိန်းလျာထားချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်က ခြံစည်းရိုး ကြက်ဆူပင် ငါးသောင်း ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထပ်မံတိုးချဲ့ပျိုးထောင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မိုးစပါးရိတ်သိမ်းခြင်းနှင့် နှမ်းစပါး စိုက်ပျိုးခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်ရေးမှာကြားကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်မှုဆောင် (ဒေသတာဝန်ခံ) စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး ကြံခင်းမြို့နယ်ကြို့ပင်စုကျေးရွာအုပ်စု စပါးအိုးကျေးရွာ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ အမှုဆောင် အရာရှိ ဦးခင်ဇော်ဝင်းနှင့် ဝန်ထမ်းများ ဇန်နဝါရီ ၁၄ ရက်က ကျေးလက် ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက် စက်ရေတွင်းဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (မြို့နယ် စည်ပင်)

လမ်းပေါက်များမရှိရေး

ဒီဇင်ဘာ ၂၀ ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေနှင့် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ မြစ်ကြီးနားမြို့တွင်း၌ လမ်းပေါက်များ မရှိစေရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (ပြည်နယ် စည်ပင်)

အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တပ်နယ်အထကသို့ အမှိုက်ပုံးများ ပေးအပ်လှူဒါန်း

အုတ်တွင်း ဇန်နဝါရီ ၃၁

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက တပ်နယ် အထက သို့ အမှိုက်ပုံးများ ပေးအပ်လှူဒါန်းပွဲနှင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက တပ်နယ် အထက အစည်းအဝေးခန်းမတွင် ကျင်းပရာ အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က ကျောင်းအုပ် ဆရာမကြီးထံ အမှိုက်ပုံးများ ပေးအပ်လှူဒါန်းသည်။**(ဓာတ်ပုံ)**

ဆက်လက်၍ အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက် ဆရာဝန်ဒေါက်တာအောင်မျိုးလွင်ကကျန်းမာရေးပညာပေးဟောပြောရာ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများနှင့် ပေါက်တောကျေးရွာအုပ်စု မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ တက်ရောက်ကြသည်။ **(၁၁၆)**

မလှိုင်မြို့နယ် အခြေခံပညာကျောင်းများ ကြက်ဆူပင်စိုက်ပျိုးရေးဆောင်ရွက်

မလှိုင် ဇန်နဝါရီ ၂၅

မလှိုင်မြို့နယ် ပညာရေးဌာနကကြီးမှူး၍ အခြေခံပညာကျောင်းများတွင် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးရေးတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က မလှိုင်မြို့ မြို့မ အမကကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဘိုလှိုင်က အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)**မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစောလွင်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မလှိုင်မြို့နယ်တွင် အထက်တန်းကျောင်းလေးကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းကျောင်း ၁၇၃ ကျောင်းရှိပြီး အထက်တန်းကျောင်းတစ်ကျောင်းလျှင် အပင်တစ်သောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်းလျှင် အပင်ငါးထောင်၊ မူလတန်းကျောင်းတစ်ကျောင်းလျှင် အပင်တစ်ထောင်နှုန်း စိုက်ပျိုးရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၁၉)**

ဖားကန့်မြို့နယ်၌ မနောအိမ်ကတ္တရာလမ်းသစ်ဖွင့်

ဖားကန့် ဇန်နဝါရီ ၃၁

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် မနောအိမ်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် မနောအိမ်ကတ္တရာလမ်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်းက ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဆန်းညွန့်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေနှင့် အမှုဆောင်အရာရှိ ဦးမင်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းမှာ အရှည်ပေ ၄၃၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၃၂၀၀၀၀ အကုန်အကျခံ ဆောင်ရွက် ကြကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

မြန်မာ့အသံ

၅-၂-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့်နည်းပညာတိုးတက်မှု အကြောင်း-သိပ္ပံမှူးတင်)

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (အသားထုတ်လုပ်မှု နည်းပညာ သင်တန်းများအကြောင်း)

၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (အောင်မြင်သော ဘဝပန်းတိုင်သို့ လှလှပပ လျှောက်ကြစို့)

၁၂:၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ အစီအစဉ် (ပြည်ထောင်စုနေ့)

၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ(အသိုက်)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာ လက်မှုအနုပညာ လွန်းရာကျော် ချိတ်လုပ်ငန်းအကြောင်း)

ညနေပိုင်း

၁၇:၀၀ ဟာသယရှင်ဆေး (လူရွှင်တော် နေကျော်၊ ဒီလုံး၊ ကစ်ကစ်တို့၏ ဟာသယရှင်ဆေး)

၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (တာဝန်သိမှုနှင့် ဇာတိဂုဏ်) (ညွန့်ဟံ-ကြူတော)

၁၇:၃၀ သူ့အလှည့် (မအေးမိ)

၁၈:၄၅ အာယုနှင့် သာစုဆွေးနွေးခန်း

၁၉:၁၅ မြန်မာမှု မြန်မာ့သဘင် (အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မောင်မိုးမင်းဇာတ်အဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး(ပထမပိုင်း)

၂၀:၃၀ ရန်ကုန်တိုင်းမှ မောင်မိုးမင်းဇာတ်အဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး(ဒုတိယပိုင်း)

သရုပ်ပြ

သုံးခွမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ၏ ကြီး ကြပ် မှု ဖြင့် အဖွဲ့ပိုင်စျေး၊ ရုံး အဆောက် အအုံနှင့် ယာဉ်ယန္တရားများ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၅ရက်က မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မြို့မစျေးအတွင်း ဇာတ်တိုက်သရုပ်ပြလေ့ကျင့်စဉ်။ (မြို့နယ် စည်ပင်)

မင်းတပ်မြို့တွင်းလမ်း ကျောက်ချောလမ်းခင်း

မင်းတပ် ဇန်နဝါရီ ၂၂

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘဝသစ်ရပ်ကွက် ဦးဝမ္မသူးမောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကောင်းမြတ် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆွေးအုပ်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မြဝတီမြို့ သာယာလှပရေးလုပ်ငန်းအတွက် ပြုလုပ်ထားသည့် တြိဂံကျွန်းမြေခင်းအလှပြုပြင်ခြင်း၊ ခြံစည်းရိုးနှင့် အုတ်ပေါင်များ ဆေးသုတ်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးကျော်နိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ကလေးတက္ကသိုလ်

ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ကလေးတက္ကသိုလ်၏ ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန်အတွက် လျှောက်ထား ပြီးသူများသည် ကလေးတက္ကသိုလ် ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို သုံးထပ်ဆောင် (A)နှင့်(B)အကြား မြက်ခင်းပြင်တွင် ကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

စဉ်	ဘွဲ့	အစမ်းလေ့ကျင့်ရမည့် နေ့ရက်နှင့်အချိန်	ဘွဲ့နှင်းသဘင်တက်ရောက် ရမည့်နေ့ရက်နှင့်အချိန်
၁။	(က) ဂုဏ်ထူးဘွဲ့(၂၀၀၃-၂၀၀၄)သတ္တဗေဒအထူးပြု ရက္ခဗေဒအထူးပြု(၁၉၉၇ အောင်) (ခ) ဂုဏ်ထူးဘွဲ့(၂၀၀၄-၂၀၀၅)မြန်မာစာအထူးပြု(၁၉၉၈)အောင် (ဂ) ဂုဏ်ထူးဘွဲ့(၂၀၀၄-၂၀၀၅)ရူပဗေဒအထူးပြု၊ သတ္တဗေဒအထူးပြု(၁၉၉၈ အောင်) (ဃ) ဝိဇ္ဇာဘွဲ့(၂၀၀၃-၂၀၀၄)ဝိဇ္ဇာအထူးပြုအားလုံး၊ (၂၀၀၀ အောင်) (င) သိပ္ပံဘွဲ့(၂၀၀၃-၂၀၀၄) သိပ္ပံအထူးပြုအားလုံး (၂၀၀၀ အောင်) (စ) သိပ္ပံဘွဲ့(၂၀၀၄-၂၀၀၅)ရက္ခဗေဒအထူးပြု၊ (၂၀၀၁ အောင်) (ဆ) သိပ္ပံဘွဲ့(၂၀၀၄-၂၀၀၅)သင်္ချာအထူးပြု(၂၀၀၂)အောင်	၂၃-၂-၂၀၀၆ နံနက် ၉း၀၀ နာရီ	၂၅-၂-၂၀၀၆ နံနက် ၉း၀၀နာရီ
၂။	(က) ဂုဏ်ထူးဘွဲ့(၂၀၀၄-၂၀၀၅)မြန်မာစာအထူးပြု၊ (၁၉၉၉ အောင်) (ခ) ဂုဏ်ထူးဘွဲ့(၂၀၀၄-၂၀၀၅)သတ္တဗေဒအထူးပြု၊ (၁၉၉၉ အောင်) (ဂ) ဝိဇ္ဇာဘွဲ့(၂၀၀၄-၂၀၀၅)ဝိဇ္ဇာအထူးပြုအားလုံး (၂၀၀၁ အောင်) (ဃ) သိပ္ပံဘွဲ့(၂၀၀၄-၂၀၀၅)ဓာတုဗေဒအထူးပြု ရူပဗေဒအထူးပြု၊ သင်္ချာအထူးပြု၊ သတ္တဗေဒအထူးပြု(၂၀၀၁ အောင်)	၂၃-၂-၂၀၀၆ နံနက် ၉း၀၀ နာရီ	၂၅-၂-၂၀၀၆ မွန်းလွဲ ၁း၀၀ နာရီ
၃။	(က) ဂုဏ်ထူးဘွဲ့(၂၀၀၄-၂၀၀၅)သင်္ချာအထူးပြု၊ (၂၀၀၀ အောင်) (ခ) ဝိဇ္ဇာဘွဲ့(၂၀၀၄-၂၀၀၅)ဝိဇ္ဇာအထူးပြုအားလုံး (၂၀၀၂ အောင်) (ဂ) သိပ္ပံဘွဲ့ (၂၀၀၄-၂၀၀၅)ဓာတုဗေဒအထူးပြု ရူပဗေဒအထူးပြု၊ သတ္တဗေဒအထူးပြု၊ ရက္ခဗေဒအထူးပြု(၂၀၀၂)အောင်	၂၃-၂-၂၀၀၆ နံနက် ၉း၀၀ နာရီ	၂၆-၂-၂၀၀၆ နံနက် ၉း၀၀ နာရီ

၂။ ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများကို ဘွဲ့နှင်းသဘင်ကြေးငွေသွင်းပြေစာတင်ပြ၍ ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနခွဲတွင် ၂၀-၂-၂၀၀၆ ရက်မှစတင်၍ ထုတ်ပေးမည်ဖြစ်ပါသည်။
၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)များအနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။ **မော်ကွန်းထိန်း ကလေးတက္ကသိုလ်။**

တောင်တွင်းကြီးမြို့ ဗုဒ္ဓပူဇနိယပွဲတော်

မကွေးတိုင်း တောင်တွင်းကြီးမြို့ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၁-၃-၂၀၀၆ရက်မှ ၅-၄-၂၀၀၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။

သို့ပါ၍ ဘုရားပွဲတော်ကြီးသို့ နှစ်စဉ်လာရောက်ကြည်ညိုကြကုန်သော ဈေးသည်အပေါင်း တို့အနေဖြင့် လိုအပ်သော ဆိုင်ခန်းများ ရရှိနိုင်ရန်ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည်ကို ဖော်ပြလျက်လျှောက်လွှာများကို ကိုယ်စားလှယ်လွှဲအပ်ခြင်း မပြုဘဲ မိမိတို့ ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ၇-၃-၂၀၀၆ရက် နောက်ဆုံးထား၍ လျှောက်ထားကြရန် နှိုးဆော်အပ်ပါသည်။

ဘုရားပွဲတော်ကျင်းပရေးကော်မတီ
ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်
တောင်တွင်းကြီးမြို့။

အများသိသာရန်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-စ/၂၈ ဧရိယာ ပေ ၄၀ × ပေ ၆၀၊အမှတ် စ/၂၈ ၄ဝါလမ်း မြေကွက်နှင့်အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ဆိုင်သူဦးထွန်းအေး ၁၂/ပဘတ(နိုင်)၀၁၁၉၉၄ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ဦးစိန်ရီ (B.Sc. DA. RL)**
တရားရုံးချုပ်ရှေ့နေ၊
အမှတ် ၂၂၊ ဌာနာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ထွန်းလင်းရိပ်သာလမ်း၊ အိမ်အမှတ် ၃၊ မြေတိုင်းရပ်ကွက် အမှတ်၇၉၊ မြေကွက်အမှတ်၇-၈၊ ၂၅ပေ × ပေ ၅၀ပေါ်တွင် ဆောက်လုပ်ဆဲ ခြောက်ထပ်တိုက်၏ ငါးလွှာ၊ ခြေရင်းခန်းကို ပိုင်ရှင် ဒေါ်ခင်မြသွေးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း တင်ပြကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဝင်း
တရားရုံးချုပ်ရှေ့နေ(၃၂၆၆)
၅၂၅(ဘီ-၁)၊ မာလာမြိုင်ရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်

(၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးနည်းပညာတက္ကသိုလ်၏

(က) ၂၀၀၂-ခု ပညာသင်နှစ်တွင် ဖွင့်လှစ်သော(စံပြ)အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်း အပတ်စဉ်(၅)မှ ၂၀၀၅-ခု အောက်တိုဘာလတွင် အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့ရ စာမေးပွဲကြီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများ။
(ခ) ၂၀၀၄ခု ပညာသင်နှစ်တွင်ဖွင့်လှစ်သော မဟာအင်ဂျင်နီယာ (ပုံမှန်) အပတ်စဉ်(၁)သင်တန်းမှ မဟာအင်ဂျင်နီယာဘွဲ့ရ စာမေးပွဲကြီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများ။
(ဂ) ၂၀၀၁-၂၀၀၂ ခု ပညာသင်နှစ်တွင် ဖွင့်လှစ်သော အသုံးချသိပ္ပံ ပါရဂူဘွဲ့(Ph.D)အပတ်စဉ်(၆) သင်တန်းမှ ပါရဂူဘွဲ့ရစာမေးပွဲကြီးကို ဖြေဆိုအောင်မြင်ခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ကျင်းပမည့်နေ့ရက် - ၄-၃-၂၀၀၆ ရက်(စနေနေ့)
ကျင်းပမည့်နေရာ - မန္တလေးနည်းပညာတက္ကသိုလ်စုဝေးခန်းမ
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ မှ ၁၁း၀၀ နာရီအထိ
ပေးအပ်မည့်ဘွဲ့ - B.E & B.Arch , M.E, Ph.D
ဘွဲ့နှင်းသဘင်ကြေး - တက်ရောက်၁၅၀၀ိ/ (ကျပ်တစ်ထောင့်ငါးရာကျပ် တိတိ)
- အဝေးရောက် ၁၀၀၀ိ/ (ကျပ်တစ်ထောင်တိတိ လျှောက်လွှာနှင့်အတူ ပေးသွင်းရန်)
အစမ်းလေ့ကျင့်ရက် - ၃-၃-၂၀၀၆ ရက်(သောကြာနေ့) မွန်းလွဲ(၁း၀၀)နာရီ မှ (၃း၀၀)နာရီအထိ
လျှောက်လွှာလက်ခံမည့် နေ့ရက် - ၂၀၀၆ခုနှစ်၊ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ

၂။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။

ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုလျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့ယူခွင့်တင်သွင်းရန် ပျက်ကွက်ခဲ့သူများသည် ယခုဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့အတွက် လျှောက်လွှာတင်သွင်းနိုင်သည်။
၃။ ဘွဲ့ယူမောင်မယ်များသည် (မြန်မာဝတ်စုံ)သို့မဟုတ် (တိုင်းရင်းသားဝတ်စုံ)သို့မဟုတ် (အနောက်တိုင်းဝတ်စုံ)အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။
၄။ ဘွဲ့ဝတ်စုံများကို ၁-၃-၂၀၀၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှစ၍ ကျောင်းသားရေးရာဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။
မှတ်ချက်။ ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။
(ဆက်သွယ်ရန်ဖုန်း-၀၂- ၅၇၃၆၃၊ ၀၂-၈၈၇၅၆)

အမိန့်အရ
ဒေါက်တာမြနှင်းစု
မော်ကွန်းထိန်း၊ မန္တလေးနည်းပညာတက္ကသိုလ်။

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် ၅၁လမ်း အမှတ်(၈၈)နေ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးကောင်း- ဒေါ်မမြူသိန်း မိသားစုတို့က ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြန်/ဆက်ဦးစီးဌာန နှစ်ပတ်လည်နေ့နှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျိုင်းတုံ ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ရက် နံနက် ၁၀နာရီက ကျိုင်းတုံမြို့ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆောင်ရွက်မှု

အခမ်းအနားတွင် ပြည်နယ်မှူး ဦးစိုးစိုးကအမှာစကားပြောကြားပြီး ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းဆတ်ခရိုင် ဦးစီးအရာရှိများက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်ပြီးစီးမှု အခြေအနေများ၊ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုတင်ပြကြသည်။

ဆက်လက်ပြီး ပြန်တမ်းများ၊ အစီရင်ခံစာများကို အချိန်မီပုံမှန် ပေးပို့သော တာချီလိတ်ခရိုင်ရုံးကို ဂုဏ်ပြုလက်မှတ်ပေးအပ်ရာ တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမောင်ကြည်ကလက်ခံရယူပြီး**(ယာပုံ)** လုပ်ငန်းများအချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်သော မိုင်းဖြတ်ခရိုင်ရုံးနှင့် မိုင်းယုမြို့ရုံးတို့ကိုလည်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)



တောင်တွင်းကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မကွေးတိုင်း ခရိုင်ချင်းဆက်လမ်း တောင်တွင်းကြီး မြို့နယ်အပိုင်းတွင် ညောင်ချောင်းသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်း၌ သစ်သားတိုင်များ ပိုင်ရိုက်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးအောင်ကြီး တို့ ကြီးကြပ်ပေးကြစဉ်။
(မြို့နယ် စည်ပင်)

ရွှေဘိုမြို့နယ် ကြာကျုံးတော်လမ်းကတ္တရာလမ်းအပိုင်း(၃)ဖွင့်

ရွှေဘို ဇန်နဝါရီ ၁၅

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မြို့ပြလမ်းလုပ်ငန်းများမှ ကြာကျုံးတော်လမ်း ကတ္တရာလမ်းအပိုင်း(၃)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီခွဲက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အထိမ်းအမှတ်

ရှေးဦးစွာ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ်အလံများကို ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းသို့ လည်းကောင်း၊ အင်ဂျင်နီယာမှူး ဦးအောင်မောင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သို့လည်းကောင်း ပေးအပ်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးသန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကြာကျုံးတော်လမ်းအပိုင်း(၃)သည် အရှည်ပေ ၇၀၀၊အကျယ် ၁၂ပေဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၆သိန်း သုံးသောင်း၊ ပြည်သူများထည့်ဝင်ငွေကျပ် လေးသိန်းဖြင့်

ကြို့ပင်ကောက် မြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၂၄ရက်က ရန်ကုန် - ပြည်လမ်းမကြီး တစ်လျှောက် ပန်းအလှပင်များစိုက်ပျိုးပြီး ပေါင်းမြက်များရှင်းလင်းခြင်းကို အဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (ဝ၄ဝ)



ပညာရည်ချွန်ဆုချီးမြှင့်

စစ်ကိုင်းမြို့ အမက (၄) ထူပါရုံကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်အောင်မြင့်က ပညာရည်ချွန် ဆုပေးပွဲတွင် စတုတ္ထတန်းမှ ပထမဆုရ မလဲ့မွန်ထူးအား ဇန်နဝါရီ ၂၀ရက်က ဆု ပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ကြီးမှူးကျင်းပ ရခိုင်ပြည်နယ် သီးနှံမျိုးစေ့ပွားရေးစီမံကိန်း မျိုးသန့်စက်ရုံဖွင့် စပါးမျိုးများအား စက်ဖြင့် မျိုးသန့်အောင်ဆောင်ရွက်နေ

ရန်ကုန် ဖေဖော်ဝါရီ ၃

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ကြီးမှူးကျင်းပသည့် ရခိုင်ပြည်နယ်မှ တောင်သူများ ပါဝင်မှုဖြင့် အကောင်အထည်ဖော်သည့် သီးနှံမျိုးစေ့ပွားရေးစီမံကိန်း၊ မျိုးသန့်စက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီ၁ ရက် နံနက် ၁၁ နာရီက စစ်တွေမြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မျိုးသန့်ခြံဥကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီး Mr. Nobutake Odano နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

ထူးခြားသည့် ညအပူချိန်များ

လားရှိုး
နမ့်စန်
ပင်လောင်း
ဟဲဟိုး

} ၄ ဒီဂရီစင်တီဂရိတ်

အမှာစကား ပြောကြား

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပိုင်း(၂)ဟိုတယ်စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဒိုင်းယှဉ်ပြိုင်

(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ ပဲခူးတိုင်းအသင်း၏ ထိုးဖောက်ဂိုးသွင်းမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) နောက်တန်းလူများနှင့် ဂိုးသမားတို့က ဤသို့ ကာကွယ်ဖျက်ထုတ်ခဲ့ကြသည်။

(သတင်းအကျယ် စာ-၁၂) (မြန်မာ့အလင်း)

ငွေဆောင်ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး ပြည်သူများအပန်းဖြေနားနေနိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် အခြေခံအဆောက်အအုံများ တတ်ကျွမ်းသူများဖြင့် စနစ်တကျဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ယနေ့နံနက် ၁၁ နာရီတွင် ဝန်ကြီးရုံး၌ကျင်းပသော ငွေဆောင်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပိုင်း(၂) ဟိုတယ်စီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ငွေဆောင်ကမ်းခြေအပိုင်း(၁) ပြုပြင်တည်ဆောက်ရေးလုပ်ငန်း၊ ငွေဆောင် ကားလမ်းတစ်လျှောက်၌ အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးရေး၊ ဟိုတယ်ဇုန်အတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ်းခြေသာယာလှပရေးနှင့် ပြည်သူများ စနစ်တကျ အပန်းဖြေနားနေနိုင်ရေးတို့ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ငွေဆောင်ကမ်းခြေအပိုင်း(၂) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံပိုင်းလုပ်ငန်းများကို တတ်ကျွမ်းသူများဖြင့် စနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဖြည့်စွက်ဆွေးနွေး

ယင်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ငွေဆောင်ဒေသဆိုင်ရာပုဂ္ဂိုလ်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ပြီး လိုအပ်သည်များကို တင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဖြည့်စွက်ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာ၂ဒသမ၇သန်းတန် ပန်းပွင့်များပန်းချီကား



လန်ဒန်မြို့တွင် ပြသထားသည့် ဒေါ်လာ သုံးသန်းခန့် တန်ဖိုးရှိသော ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။ **(ယာပုံ)**

ဂျာမန်လူမျိုး ပန်းချီပညာရှင် အီမဲလ်နိုဒီရေးဆွဲခဲ့သည့် ပန်းချီကားကို မကြာမီ လန်ဒန်မြို့၌ ကျင်းပမည့် အနုပညာပစ္စည်းများ လေလံရောင်းချပွဲတွင် တင်သွင်းရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၂ဒသမ၇သန်းခန့် ရရှိမည်ဟု ခန့်မှန်းထားသည်။ အဆိုပါပန်းချီမှာ သဘာဝအတိုင်း လှပနေသည့် ပန်းပွင့်များကို ပုံဖော်ရေးဆွဲထားခြင်းဖြစ်သည်။ **(အေပီ)**

လူအများဆုံးစုပေါင်းသွားတိုက်မှု ကမ္ဘာ့စံချိန်တင်

ကမ္ဘာကျော် ဂင်းနစ်မှတ်တမ်းဝင်ရန် လူငယ်များစုပေါင်းပြီး သွားတိုက်နေကြစဉ်။ **(ယာပုံ)**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ရီဇယ် ဥယျာဉ်အတွင်း အမျိုးသမီးတစ်ဦးက ကြီးမှူးသည့် ကမ္ဘာ့လူအများဆုံး သွားတိုက်မှုကို ပြုလုပ်ခဲ့ကြသည်။ အဆိုပါ စုပေါင်းသွားတိုက်ခြင်းကို ဖိလစ်ပိုင်လူငယ်ပေါင်း ၁၀၈၀၀ က စုပေါင်းကာ တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

ယခင်က ကမ္ဘာ့လူများဆုံးသွားတိုက်ခြင်းကို ဂင်းနစ်မှတ်တမ်း၌ တရုတ်နိုင်ငံက လူ ၁၀၂၄၀ ဖြင့် စံချိန်တင်ထားခဲ့သည်။ ယခုအခါ ဖိလစ်ပိုင်နိုင်ငံက သွားတိုက်သူစုစုပေါင်း လူ ၁၀၈၀၀ ဖြင့် ကမ္ဘာ့စံချိန်သစ် တင်လိုက်ခြင်းဖြစ်သည်။ **(အေပီ)**